၁၉၉၅ ခု အောက်တိုဘာလမှစတင်၍
အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group
Issue No. 700 MARCH 8, 2009

**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**
**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , voburma@ac.auone-net.jp**

## အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ကို ဆက်သွယ်ရေးဖြတ်တောက်ထားသည်

## စစ်အုပ်စုက နိုင်ငံရေးပါတီတရပ်အား ရည်ရွယ်ချက်ရှိရှိဖြင့် နှိပ်ကွပ်ထားခြင်းဖြစ်

**DVB ၊ မတ်လ ၅ ။ ။** အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ပါတီဗဟိုရုံးချုပ်ကို တယ်လီဖုန်းလိုင်းဖြတ် ထားတာ ၂ နှစ် ကျော်ပြီလို့ ပါတီပြန်ကြားရေးအဖွဲ့ က ပြောပါတယ်။

ကမ္ဘာမှာ လူ ၁၀ ဦးမှာ ၆ ဦးက လက်ကိုင်တယ်လီဖုန်းသုံးနေပြီဖြစ်ပြီး ဆက်သွယ်ရေးနဲ့ အင်တာနက်နည်းပညာ ဆယ်ဆကျော်တိုးတက်နေပြီလို့ကုလသမဂ္ဂက အစီရင်ခံစာထုတ်လိုက်ချိန်မှာ အဖွဲ့ချုပ်ကတော့ ၂၁ ရာစုမှာ တယ်လီဖုန်းနဲ့ အင်တာနက်မရှိတဲ့ နိုင်ငံရေးပါတီဖြစ်နေတယ်လို့ ပြောပါတယ်။ အဖွဲ့ချုပ်နယ်ရုံးတွေအားလုံးကို မြန်မာစစ်အာဏာပိုင်တွေက ပိတ်ထားတာကြောင့် ပြည်တွင်းက ပါတီဝင်အချင်းချင်းဆက်သွယ်ဖို့တောင် အတော်ခက်ခဲတယ်လို့ ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းက ပြောပါတယ်။

"အရေးပေါ် တယ်လီဖုန်းဆက်လို့မရဘူး ဆိုရင် လူကိုယ်တိုင်လိုက်လာတယ်၊ အခက်အခဲတွေ အများကြီးဖြစ်သွားတာပေါ့။ ၂၁ ရာစုမှာ ကျနော်တို့က ၁၉ ရာစုအစလောက် ပြန်စနေတာပေါ့။"

တယ်လီဖုန်းလိုင်းပြတ်နေတာကို အကြောင်းကြားဖို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို ဆက်သွယ်လို့လည်း ဘယ်တော့မှ မရဘူးလို့လည်းပြောပါတယ်။

"ဒီတယ်လီဖုန်းနံပါတ်ပြောလိုက်တာနဲ့ ဖုန်းချလိုက်တယ်၊ အခြေအနေက အဲဒါပဲ။ ရအောင် ဘယ်လိုမှ လုပ်လို့မရဘူးလေ။"

ဒီအခြေအနေကို ထောက်ရှုခြင်းအားဖြင့် တမင်ရည်ရွယ်ချက်ရှိရှိဖြတ်တောက်ထားတာပဲလို့လည်း ပြောပါတယ်။

"အန်အယ်လ်ဒီကို ဖိနှိပ်ခြင်းမှာ ဒါတခုပေါ့ဗျာ။ အန်အယ်လ်ဒီကို မဖိနှိပ်ရင် ဒီတယ်လီဖုန်းပုံမှန်ရှိနေမှာပေါ့။ တယ်လီဖုန်းဌာနတခုတည်းနဲ့ ဆိုင်တာ မဟုတ်ဘူး၊ ဖုန်းနံပါတ်ကြားတာနဲ့ နောက်ထပ်နားမထောင်ဘူး အဲဒါ အစိုးရပေါ်မှာ တည်တယ်၊ အဲန်အဲလ်ဒီနဲ့မဆိုင်ဘူး။ အဲန်အဲလ်ဒီမှာ တယ်လီဖုန်းမရှိတာ အန်အယ်လ်ဒီကြောင့်မဟုတ်ပါဘူး၊ အစိုးရက ဖြတ်ထားလို့ပါ။"

အင်တာနက် အီးမေးလ် အသုံးပြုဖို့ကလည်း အကန့်အသတ်တွေရှိနေတယ်လို့ ဦးဉာဏ်ဝင်းက ကျောင်းသားခေါင်းဆောင်တွေအပါအဝင် ဒီမိုကရေစီရေးလှုပ်ရှားသူတွေကို ဆက်သွယ်ရေးဆိုင်ရာ ဥပဒေတွေနဲ့ အရေးယူတာတွေကို ထောက်ပြပြီး ပြောပါတယ်။

**စာမျက်နှာ ၁၁ သို့**

## ရှေ့နေဦးအောင်သိန်း ပြန်လည်လွတ်မြောက်

**DVB ၊ မတ်လ ၆ ။ ။** တရားရုံး မထီမဲ့မြင်ပြုမှုနဲ့ စွဲချက်တင်ခံရပြီး ထောင်ဒဏ်ချမှတ်ခံရတဲ့ ရှေ့နေ ဦးအောင်သိန်း ပြန်လည်လွတ်မြောက်လာပါတယ်။

ဒီမနက် ၉ နာရီလောက်မှာ ပုသိမ်ထောင်ကနေ ပြန်လွတ်လာတာလို့ ဦးအောင်သိန်းက ပြောပါတယ်။

"လေ့လာရေးတခုလာရတာပေါ့ကွာ။ ဆောင်းခိုလှက်လိုပေါ့နော်၊ ရန်ကုန်ကနေပြီးတော့ ဒီ ဧရာဝတီတိုင်းဘက်ကို လာရတယ်ဆိုတော့ ဆောင်းခိုငှက်လိုပေါ့။ ဆောင်းတွင်းလည်းကုန်ရော ရန်ကုန်ပြန်ရတာပေါ့။"

ဒီမိုကရေစီရေး လူ့အခွင့်အရေးလှုပ်ရှားသူတွေဘက်က အမှုအခင်းတွေမှာ ရှေ့နေအဖြစ်လိုက်ပါဆောင်ရွက်ပေးလေ့ရှိတဲ့ ဦးအောင်သိန်းနဲ့ ဦးခင်မောင်ရှိန်တို့ကို တရားရုံးချုပ်ကပြီးခဲ့တဲ့ နိုဝင်ဘာမှာ ထောင်ဒဏ် ၄ လစီ အပြစ်ပေး ခဲ့တာပါ၊ ဦးခင်မောင်ရှိန်နဲ့ ပတ်သက်တဲ့သတင်းကိုတော့ မသိရသေးပါဘူး။ ဒီမိုကရေစီရေး လူ့အခွင့်အရေးလှုပ်ရှားသူတွေဘက်ကအမှုအခင်းတွေမှာ ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ပေးသူတဦးဖြစ်တဲ့ လူငယ်ရှေ့နေ ဦးညီညီထွေးကိုလည်း လှိုင်မြို့နယ်တရားရုံးက တရားစီရင်ရေး နှောင့်နှေးစေမှုနဲ့ တရားစွဲပြီး ပြီးခဲ့တဲ့အောက်တိုဘာမှာ ထောင်ဒဏ် ၆ လ ချမှတ်ထားပါတယ်။ အလားတူပုဒ်မနဲ့ မျက်ကွက် ထောင်ဒဏ်ချမှတ်ခံရတဲ့ လူငယ်ရှေ့နေ စောကျော်ကျော်မင်းကတော့ ထိုင်း–မြန်မာနယ်စပ်ကို တိမ်းရှောင်သွားပါတယ်။ လူငယ်ရှေ့နေ ဦးဖိုးဖြူကိုလည်း အာဏာပိုင်တွေက မကွေးတိုင်းအောင်လံမြို့မှာ ဒီနှစ်ဇန်နဝါရီမှာဖမ်းဆီးပါတယ်။

လယ်သမားများ၏ အခက်အခဲများကို နအဖစစ်အုပ်စုက လျစ်လျူရှု
**စာမျက်နှာ ၃**

ရွေးကောက်ပွဲဟာ ဒီမိုကရေစီစနစ်ရဲ့ လိုအပ်ချက်ဖြစ်ပေမဲ့ သန့်ရှင်းတဲ့ရွေးကောက်ပွဲ ကျင်းပရုံနဲ့ ဒီမိုကရေစီကျင့်သုံးနိုင်တယ် လို့ မပြောနိုင်ပါဘူး၊ ပြည်သူ့ဘဝသာယာဝပြောရေးကို မလုပ်နိုင်ရင် ဒီမိုကရေစီ မဟုတ်ဘူး။
**စာမျက်နှာ ၄**

ရန်ကုန်မြို့ဒီ ဗုံးပေါက်
**စာမျက်နှာ ၇**

အမျိုးသားသင်္ကေတများ သတ်မှတ်
**စာမျက်နှာ ၁၀**

ဒေါ်အောင်ဆန်းစုကြည်အား ဝလပ်စဂိုမြို့ လွတ်လပ်မှုဂုဏ်ထူးဆောင်ဆုချီးမြှင့်
**ကျောဖုံး**

VOB အာဘော်

# လူ့အခွင့်အရေးကို အာဆီယံထွေးပွေ့ကြိုဆိုရမည်

အတည်ပြုလိုက်ပြီဖြစ်သော အာဆီယံချာတာအရ ဒေသဆိုင်ရာအဖွဲ့ကြီးအတွင်း လူ့အခွင့်ကော်မရှင်တရပ် ပေါ်ပေါက်လာရတော့မည်ဖြစ်သည်။ ဤသည်က ဒေသတွင်းနေထိုင်နေကြသော ပြည်သူပြည်သားအားလုံးအတွက် ဝမ်းမြောက်ဖွယ်ဖြစ်သည်။ ထိုဝမ်းမြောက်ဖွယ်အနေအထား လက်တွေ့ဖြစ်ပျက်လာရေးမှာ အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏အစိုးရများတွင် အဓိကတာဝန်အရှိဆုံးဖြစ်သည်။

ထို့လူ့အခွင့်အရေးကော်မရှင်သည် အာဆီယံဒေသသူဒေသသားများ၏ လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရေး၊ တိုးမြှင့်ရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ရမည်ဖြစ်သည်။ ထို့ကြောင့် လူ့အခွင့်အရေးကော်မရှင်သည် ဩဇာအာဏာနှင့် အရှိန်အဝါကြီးမားရေးသည် အရေးကြီးလှသည့်အချက်ဖြစ်သည်။ ထိုအတွက် အာဆီယံက နည်းလမ်းများ၊ လုပ်ပိုင်ခွင့်များ စသည်တို့ကို အတိအကျ ပြဌာန်းသတ်မှတ်နိုင်ရေးကို ဆောင်ရွက်ပေးရမည်ဖြစ်သည်။ အာဆီယံအစိုးရများကလည်း ထိုကိစ္စအတွက် တက်တက်ကြွကြွရှိရပေမည်။

လူ့အခွင့်အရေးဆိုသည်မှာ လူတဦးတယောက်ချင်းအပေါ် အခြေပြုသည်၊ နိုင်ငံအပေါ်အခြေမပြု၊ နိုင်ငံရေးစနစ်အပေါ် အခြေမခံ၊ အစိုးရအပေါ် ဗဟိုမပြု ဆိုသည့်အချက်ကို လက်ရှိအာဆီယံအစိုးရများက အသိအမှတ်ပြုလက်ခံ ရန်အထူးလိုအပ်လှပေသည်။ လူတဦးချင်းစီ၏ ဂုဏ်သိက္ခာ၊ တန်ဖိုး၊ အရည်အချင်းစသည်တို့ကို လေးစားအသိအမှတ်ပြုခြင်းသည် လူ့အဖွဲ့အစည်း၏ ဂုဏ်သိက္ခာ၊ တန်ဖိုး၊ အရည်အချင်းများကို လေးစားအသိအမှတ်ပြုခြင်းသို့ တက်လှမ်းနိုင်မည်ဖြစ်သည်။ သို့မှသာ အာဆီယံခေါင်းဆောင်များမျှော်လင့်ထားသည့် အာဆီယံလူမှုအသိုင်းအဝိုင်းကို တည်ဆောက်နိုင်မည်ဖြစ်သည်။

လူ့အခွင့်အရေးချိုးဖောက်မှုဆိုသည်မှာ မည်သည့်လူ့အဖွဲ့အစည်းတွင်မဆို အနည်းနှင့်အများဆိုသလို ဖြစ်ပွားနိုင်ပေသည်။ ထိုကဲ့သို့ဖြစ်ပွားလာသောအခါ မျိုး၌ ဝေဖန်ထောက်ပြပြောဆိုခြင်းသည် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းဟူသော စကားရပ်ဖြင့် ကာကွယ်ပြောဆိုနေခြင်းသည် မိမိတို့၏ပြည်သူများအပေါ် တန်ဖိုးထားမှု၊ ကူညီစောင့်ရှောက်မှု၊ အကာအကွယ်ပေးမှုများပြုရန် ငြင်းဆိုရာရောက်ပေသည်။ လူ့အခွင့်အရေးချိုးဖောက်မှုနည်းနိုင်သမျှနည်းကာ ဒေသသူဒေသသား အားလုံး လူ့အခွင့်အရေးကို တင်းပြည့်ကျပ်ပြည့်ခံစားနိုင်ရေးအတွက် လက်ရှိအာဆီယံအစိုးရများက အခြေအနေအကြောင်းအချက် ပတ်ဝန်းကျင်ကို ဖန်တီးပေးရမည်ဖြစ်သည်။ သို့မှသာ လူ့အဖွဲ့အစည်းအတွင်း တည်ငြိမ်မှု၊ သာယာဝပြောမှု၊ တိုးတက်မှုများကို ဖော်ဆောင်နိုင်မည်ဖြစ်ပြီး၊ အီးယူကဲ့သို့သော လူမှုအသိုင်းအဝိုင်းကြီး တခု အာဆီယံဒေသတွင်း ပေါ်ထွန်းလာမည်ဖြစ်သည်။

ထိုသို့ပေါ်ထွန်းရေးအတွက် အခြေခံအကျဆုံးအချက်တချက်ဖြစ်သော လူ့အခွင့်ကာကွယ်စောင့်ရှောက်ရေး၊ တိုးမြှင့်လုပ်ဆောင်ရေးလုပ်ငန်းများကို ယခုအချိန် မှစ၍ အားပေးလုပ်ဆောင်ရန်လိုအပ်သည်။ လူ့အခွင့်အရေးကို နိုင်ငံရေးရှုထောင့်အမြင်ဖြင့် ရောထွေးကြည့်ရှုခြင်းမပြုပဲ၊ သီးခြားလွတ်လပ်စွာကြည့်မြင်ကာ ကာကွယ်စောင့်ရှောက်ရေးနှင့် တိုးမြှင့်လုပ်ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးသည် အရေးကြီးလှပေသည်။ ထို့ကြောင့် အာဆီယံအစိုးရများအနေဖြင့် လူ့အခွင့်အရေး ဆိုသည်မှာ မိမိတို့နိုင်ငံတွင်း မိမိတို့လူ့အဖွဲ့အစည်းအတွင်း တိုးတက်မှုများရရှိရေးအတွက် လိုအပ်သည့်အခြေခံကျသည့်အချက်ဖြစ်သည်ကို လက်ခံထွေးပွေ့နိုင်ရေးသည် အရေးကြီးကြောင်း ရေးသားလိုက်ရပေသည်။

---

# ကချင်ခေါင်းဆောင်အချို့က နိုင်ငံရေးပါတီ တည်ထောင်ရန်ပြင်ဆင်

**DVB ၊ မတ်လ ၄ ။ ။** နအဖစစ်အုပ်စုနဲ့ အပစ်အခတ်ရပ်စဲထားတဲ့ ကချင်လက်နက်ကိုင်အဖွဲ့သုံးခုက ပုဂ္ဂိုလ်တွေပါဝင်တဲ့ နိုင်ငံရေးပါတီတခု တည်ထောင်ဖို့ပြင်ဆင်နေပါတယ်။

စစ်အစိုးရစီစဉ်တဲ့ ၂၀၁၀ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မယ့် ကချင်ပြည်နယ်တိုးတက်ရေးပါတီ Kachin State Progressive Party ကို ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို) ဒု–ဥက္ကဋ္ဌ ဒေါက်တာတူးဂျာက ဦးဆောင်နေပြီး ကေအိုင်အိုနဲ့မသက်ဆိုင်ဘဲ သီးခြားပါတီတခုပဲလို့ ကေအိုင်အို တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးကြီးဂွမ်မော်က ပြောပါတယ်။

“ကျနော်တို့က ကေအိုင်အိုအနေနဲ့က ပါတီတခုဖွဲ့မယ်ဆိုတဲ့ သဘောမျိုးမရှိဘူး၊ ရွေးကောက်ပွဲ ဝင်မယ်ဆိုတဲ့ သဘောထားမျိုးလည်း မဆုံးဖြတ်ဘူး မရှိသေးဘူး” လို့ ဗိုလ်မှူးကြီးဂွမ်မော်က ပြောပါတယ်။

“အခု ကျနော်တို့ ဒု–ဥက္ကဋ္ဌဖြစ်တဲ့ ဒေါက်တာတူးဂျာတို့ လုပ်နေတဲ့အလုပ်ကတော့ ကချင်ပြည်မှာ ကချင်ပြည်နယ်နဲ့ ပြည်သားတွေကို ကိုယ်စားပြုနိုင်တဲ့ ပါတီတခု ရှိစေချင်တယ်၊ အဲ့ဒီလိုပါတီတခု ဖြစ်ပေါ်လာရေးအတွက် ကြိုတင်ပြင်ဆင်တဲ့ ကော်မတီဖြစ်ပါတယ်။ လက်နက်ကိုင်ထားတဲ့အဖွဲ့တွေပါတယ်၊ ရပ်မိ ရပ်ဖ တချို့ စိတ်ပါဝင်စားတဲ့ လူတွေလည်းပါပါတယ်။ တချိန်ချိန်မှာ ကေအိုင်အိုကနေပြီး ဒေါက်တာတူးဂျာ ပဲဖြစ်ဖြစ်၊ အခြားတယောက်ယောက် ဘယ်သူပဲဖြစ်ဖြစ်ပေ့ါ၊ ပါတီနိုင်ငံရေးထဲကို ဝင်ဖို့ဆန္ဒရှိတယ်၊ ဝင်လုပ် မယ်ဆိုရင်တော့ ကေအိုင်အိုကနေထွက်ပြီးတော့မှ လုပ်မယ်ဆိုတဲ့ သဘောထားမျိုးဖြစ်ပါတယ်။”

ပါတီတည်ထောင်ရေးကော်မတီမှာ ဒေါက်တာတူးဂျာက ဥက္ကဋ္ဌ၊ ဒီမိုကရေစီသစ်တပ်မတော်–ကချင်ပြည် အန်ဒီအေကေက ဗိုလ်မှူးမန်ချန်သိန်းဆောင်နဲ့ ကေအိုင်အိုခွဲထွက်အဖွဲ့ ဗိုလ်မှူးလဆန်အောင်ဝါအဖွဲ့ က ဗိုလ်မှူးဖုန်းရမ်တို့က အဖွဲ့ဝင်တွေအဖြစ်ပါဝင်တယ်လို့ တရုတ်ပြည်နယ်စပ်က ရရှိတဲ့သတင်း တွေအရ သိရပါတယ်။ ကေအိုင်အို၊ ကေအိုင်အေ ဟာ လက်နက်ကိုင်ပါတီ၊ လက်နက်ကိုင်တပ်ဖွဲ့အဖြစ် ရွေးကောက်ပွဲပြီးတဲ့အထိ ဒီအတိုင်းဆက်ရှိနေမယ်လို့ ကေအိုင်အို တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးကြီးဂွမ်မော်က ပြောပါ တယ်။

“အခြားအဖွဲ့တွေအနေနဲ့ကတော့ ကျနော်တို့သေချာမသိပါဘူး၊ ဒါပေမဲ့ ကေအိုင်အိုအနေနဲ့ ကတော့ အခုအနေထားအတိုင်း ဆက်လက်ပြီးမှ ရှိမယ်ဆိုတဲ့ သဘောဖြစ်ပါတယ် ...“လက်နက်ကိစ္စကတော့ တဖြည်းဖြည်းနဲ့ညှိနှိုင်းရမယ့် ကိစ္စဖြစ်တဲ့အတွက်ကြောင့်မို့လို့ သိပ်အလောတကြီးလုပ်မယ်လို့တော့ မထင်ပါဘူး။ ရွေးကောက်ပွဲအပေါ်မှာ ကျနော်တို့က သီးခြားသဘောထားတွေ ဘာမှမရှိသေးပါဘူး။ ဒါပေမယ့် ဖြစ်ပေါ်လာတဲ့အခြေအနေမှာ ပြည်သူလူထုက ဘယ်လိုပါဝင်သလဲဆိုတဲ့ အပေါ်မှာ ကျနော်တို့ အမြဲတမ်း ဂရုတစိုက်ကြည့်သွားမှာပါ။”

ကချင်ပြည်တိုးတက်ရေးပါတီ ကေအက်စ်ပီပီ ဖွဲ့စည်းရေးအတွက် ဒေါက်တာတူးဂျာဦးဆောင်တဲ့ အဖွဲ့ ကချင်ပြည်နယ်မှာ စည်းရုံးရေးဆင်းဖို့ ပြင်ဆင်နေပြီး အတန်အသင့် လွတ်လွတ်လပ်လပ် စွာစည်းရုံးခွင့်ရနေတယ်လို့ ဗိုလ်မှူးကြီးဂွမ်မော်က ပြောပါတယ်။ “ကေအိုင်အိုရဲ့ တင်ပြချက်တွေကို နအဖအမျိုးသားညီလာခံကထည့်သွင်းစဉ်းစားမှုမရှိတဲ့အတွက် စိတ်ပျက်မိတယ်” လို့ ကေအိုင်အေ စစ်ဦးစီးချုပ်က ပြီးခဲ့တဲ့ဖေဖော်ဝါရီ ကချင်တော်လှန်ရေးနေ့အခမ်းအနားမှာ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

# တောင်သူလယ်သမားများ၏ အခက်အခဲများကို နအဖစစ်အုပ်စုက လျစ်လျူရှု

**DVB ၊ မတ်လ ၂။** တောင်သူလယ်သမားတွေရဲ့ အခက်အခဲတွေကို လက်ရှိစစ်အုပ်စုက လျစ်လျူရှုထားတယ်လို့ တောင်သူလယ်သမားတွေက ပြောပါတယ်။ တောင်သူလယ်သမားတွေရဲ့ နစ်နာမှုနဲ့ အခွင့်အရေးတွေကို ထိထိရောက်ရောက်တင်ပြနိုင်ဖို့ အလုပ်သမားသမဂ္ဂတရပ် မဖြစ်မနေလိုတယ်လို့လည်း လယ်သမားတွေက တောင်းဆိုလိုက်ပါတယ်။

မတ်လ ၂ ရက်နေ့ဟာ ၁၉၆၂ ခုနှစ်မှာ ဗိုလ်နေဝင်းက တိုင်းပြည်အာဏာကို သိမ်းပိုက်ခဲ့တဲ့နေ့ဖြစ်ပြီး အဲဒီနေ့ကို တောင်သူလယ်သမားနေ့အဖြစ် သတ်မှတ်ထားတာပါ။ တောင်သူလယ်သမားနေ့လို့ သတင်းစာခေါင်းကြီးပိုင်းတွေမှာ ဖော်ပြပေမယ့် တောင်သူတွေ တကယ်ရင်ဆိုင်နေရတဲ့အခက်အခဲတွေကို အစိုးရက နိုင်နိုင်နင်းနင်း ဖြေရှင်းမပေးဘူးလို့ တောင်သူလယ်သမားတွေက ပြောကြပါတယ်။ တချို့နေရာတွေမှာ တောင်သူတွေ ဓားမဦးချလုပ်ကိုင်တဲ့မြေတွေကိုတောင် စစ်တပ်က အဓမ္မသိမ်းဆည်းမှုတွေလုပ်ဆောင်သလို ဒီကိစ္စကို တိုင်တန်းသူတွေလည်း ထောင်ဒဏ်အသီးသီးချမှတ်ခံခဲ့ကြရပါတယ်။ လက်ရှိတောင်သူလယ်သမားတွေ ကြုံတွေ့ရတဲ့အခက်အခဲကို ပဲခူးတိုင်းသာယာဝတီမြို့က လယ်သမားတဦးက ပြောပါတယ်။

"ကျနော်တို့ အဆင်မပြေနိုင်ဘူးဆိုတာက မိုးစပါးစတင်ရိတ်သိမ်းတဲ့အချိန်မှာ စပါးဈေးက ၁ သိန်း ၈ သောင်းပဲရှိတယ်။ စပါးဈေး ၁ သိန်း ၈ သောင်း၊ ၁ သိန်း ၉ သောင်း ၂ သိန်းမှာ လယ်သမားက ရှိတဲ့စပါးတွေကို အကုန်ရောင်းပြီးတော့ အကြွေးဆပ်လိုက်ရတယ်။ အခုချိန်လည်းကျရော စပါးဈေးက ၂ သိန်းခွဲဖြစ်သွားတယ်။ လယ်သမားက ဆန်ပြန်ဝယ်စားရတဲ့အချိန်မှာ စပါး ၁၀၀ ကို ၇ သောင်းလောက် အရှုံးပြတယ်။ ဒီတော့ လယ်သမားတွေ ဘယ်လိုမှ အဆင်မပြေနိုင်ဘူး။"

ဗိုလ်ချုပ်နေဝင်းဦးဆောင်တဲ့ တော်လှန်ရေးကောင်စီဟာ ၁၉၆၄ ခုနှစ်မတ်လ ၂၀ ရက်နေ့မှာတော့ ဥပဒေထုတ်ပြန်ပြီး ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံးအပါအဝင် သမဂ္ဂတွေ၊ အစည်းအရုံးတွေ၊ နိုင်ငံရေးပါတီတွေ အားလုံးကို ဖျက်သိမ်းခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး တိုင်းပြည်လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းကျော်ရှိတဲ့ တောင်သူလယ်သမားတွေရော၊ အလုပ်သမားတွေပါ ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်ပိုင်ခွင့်၊ ကိုယ့်အခွင့်အရေး တင်ပြတောင်းဆိုခွင့်တွေအကုန်လုံးဆိတ်သုဉ်းခဲ့ရပါတယ်။ ဖွဲ့ပေးတဲ့ တောင်သူလယ်သမားအစည်းအရုံးဆိုတာလည်း ပါတီဒေါက်တိုင်အဖြစ်သာ လုပ်ဆောင်ခဲ့တာပါ။ နဝတ၊ နအဖစစ်အုပ်စုတွေ လက်ထက်မှာ တောင်သူလယ်သမားတွေအတွက် ဘာအသင်းမှ မရှိတော့သလို ဖွဲ့စည်းခွင့်လည်း ပိတ်ပင်ထားတဲ့အတွက် တောင်သူလယ်သမားတွေ အကာကွယ်မဲ့ဘဝကို ရောက်ရှိခဲ့ရပါတယ်။ အာဏာပိုင်တွေရဲ့ စဉ်ဆက်မပြတ်စောင့်ကြည့်မှုကြောင့် တောင်သူလယ်သမားနေ့ အခမ်းအနား ကျင်းပဖို့တောင် အခက်အခဲရှိတယ်လို့ ရန်ကုန်မြို့က လယ်သမားတဦးက ပြောပါတယ်။ အခုအခါ ကုမ္ပဏီနဲ့လယ်သမား အကျိုးတူပူးပေါင်းဆောင်ရွက်မှုဟာ လယ်သမားတွေအတွက် အကျိုးမရှိဘူးလို့ တောင်ဒဂုံက လယ်သမားတဦးက ပြောပြပါတယ်။

"ကုမ္ပဏီနဲ့ ဒေသခံလယ်သမားနဲ့ အကျိုးတူပူးပေါင်းစိုက်ပျိုးဖို့ အထူးဒေသစိုက်ပျိုးရေးဇုံဆိုပြီးတော့ ကျန်ရှိတဲ့ လယ်ယာမြေအားလုံးကို သိမ်းသွားတယ်။ အထက်က ညွှန်ကြားချက်အတိုင်း မဟုတ်ဘဲ ကုမ္ပဏီတွေက သိမ်းယူပြီး သူတို့ဟာသူတို့ စိုက်တဲ့သဘော ဖြစ်သွားတယ်။ လယ်သမားတွေက လယ်ယာလက်လွတ်ဖြစ်ပြီး အလုပ်လက်မဲ့တွေဖြစ်သွားတယ်။ အဲ့လိုဒုက္ခတွေနဲ့ ရင်ဆိုင်နေရတယ်။"

အိမ်နီးချင်းနိုင်ငံတွေမှာလို ကုန်ဈေးနှုန်း ကျဆင်းနေတာကို အစိုးရက ကြားဝင်ဆောင်ရွက်မှု မရှိသလို တောင်သူလယ်သမားတွေ အကာအကွယ်မဲ့နေတယ်လို့ဆိုပါတယ်၊ မကွေးတိုင်းအတွင်းက တောင်သူတဦးကတော့ တောင်သူတွေ လက်ရှိကြုံတွေ့နေရတဲ့အခက်အခဲကို ပြောပါတယ်။

"ခုဆိုရင် တောင်သူလယ်သမား မွဲသွားတော့၊ မယုံတော့ ချေးမယ့်လူ မရှိတော့ဘူး။ ကျနော်တို့ တောင်သူလယ်သမားဘဝက အကုန်ပြုတ်ပြုတ်ပြုန်းကုန်ပြီ။ လာမယ့်နှစ်ကိုကြည့်လိုက်လို့ပဲ ကျနော် ပြောချင်တယ်၊ ဘာမှ ရင်းစရာနှီးစရာ မရှိတော့ဘူး။ တောင်သူလယ်သမားတွေ သမဂ္ဂဖွဲ့ဖို့ ကျနော်တို့က နအဖကိုပြောချင်ပါတယ်။"

# နအဖစစ်အုပ်စုကို အပစ်ရပ် ဝ ဒေသမှာ သန်းကောင်စာရင်းကောက်ခွင့်မပြု

**DVB ၊ မတ်လ ၅။** ရှမ်းပြည်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်မှာ သန်းခေါင်စာရင်းအသစ်ကောက်ခံတဲ့ လူဝင်မှုကြီးကြပ်ရေးနဲ့အာဏာပိုင်အဖွဲ့ကို အပစ်ခတ်ရပ် ဝ ငြိမ်းချမ်းရေးအဖွဲ့က ခွင့်မပြုဘူးလို့ မနေ့က ထိုင်းအခြေစိုက် သျှမ်းသံတော်ဆင့်သတင်းစဉ်မှာ ဖော်ပြထားပါတယ်။

ဖေဖော်ဝါရီလကုန်ပိုင်းက သန်းခေါင်စာရင်းအသစ် ကွင်းဆင်းကောက်ယူဖို့ ကျိုင်းတုံမြို့ အရှေ့မြောက်ဘက်ရှိ မိန်းယန်းမြို့အခြေစိုက် ဌာနဆိုင်ရာတွေနဲ့ ကျိုင်းတုံမြို့က လဝက၊ စရဖ၊ မယက၊ ရဲ၊ ကြံ့ခိုင်ရေးနဲ့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးအဖွဲ့တွေ ပူးပေါင်းပြီး အပစ်အခတ်ရပ် ငြိမ်းအဖွဲ့ ဝ ဒေသနဲ့ မိန်းလားအထူးဒေသ ၄ ကို သွားရောက်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီအဖွဲ့ဟာ အုပ်စု ၄ ခုခွဲပြီး မော်တော်ကား ၇ စီးနဲ့သွားရောက်တာဖြစ်တယ်လို့ အဲဒီသတင်းမှာ ဖော်ပြထားပါတယ်။ အဲဒီအထဲက လူအင်အား ၂၇ ဦးပါ ကား ၂ စီးကို ဝ ထိန်းချုပ်နယ်မြေနဲ့ မိန်းလားထိန်းချုပ် နယ်မြေအကြား ခိုဆုန်နယ်ခြားစောင့် ဝ တပ်ဖွဲ့က အထက်အမိန့်အရ ဖြတ်သန်းခွင့်တားလိုက်တယ်လို့ ပြောပါတယ်၊ ဒီအခြေအနေနဲ့ပတ်သက်ပြီး ကျိုင်းတုံနယ်စပ်ဒေသခံတဦးကို ဆက်သွယ်မေးကြည့်ရာမှာ

"အဲဒါတော့ ကျနော်တို့ကောက်တာမဟုတ်ဘူး။ လဝကတော့ ဘာစာရင်းမှ မကောက်သေးဘူး။ မရကတော့ မပြောတတ်ဘူး။ ကျနော်တို့က ဝန်ထမ်းအင်အားမရှိသေးလို့ မကောက်နိုင်သေးဘူး။ ရပ်ကွက်ကို စိုးမိုးနိုင်တာ သူတို့ပဲ အာဏာရှိတာ။ ရယက မေးကြည့်မှသိမှာ ကျနော်တို့က ရယကနဲ့ တိုက်ရိုက်ဆက်ဆံတာမှ မဟုတ်တာ။"

ဝ အဖွဲ့က ခွင့်မပြုဘူးဆိုတာ သူလည်းကြားကြောင်း၊ ပြဿနာတွေရှိနေကြောင်း၊ အရင်ကလည်း လက်နက်ချခိုင်းနေတယ်လို့ ကြားကြောင်း၊ ဒီကိစ္စက နိုင်ငံရေးနဲ့ပတ်သက်နေတာကြောင့် အာဏာပိုင်ဘက်က ဘာအသံမှ မထွက်ရဲကြောင်း၊ နောက်ပြီး ဒီအနီးအနားက ရွာထဲမှာ အိမ်တွေကိုလိုက်ပြီး ဘယ်လိုနေကြတယ်၊ ဘယ်နှယောက်နေကြတယ်ဆိုတာကို လိုက်မေးတာတွေရှိကြောင်း၊ ဘာအတွက်လိုက်မေးနေတယ်ဆိုတာ အဲဒီအဖွဲ့က ဘာမှမပြောကြောင်း အဲဒီဒေသခံက ပြောပါတယ်။ ကျိုင်းတုံမြို့ ရပ်ကွက်တွေမှာ အရွယ်ရောက်တဲ့ကလေးတွေကို လိုက်လံ စာရင်းကောက်တယ်လို့ နောက်မြို့ခံတဦးက ပြောပါတယ်။

ဒီအခြေအနေနဲ့ ပတ်သက်ပြီး ကျိုင်းတုံ လဝက ရုံးကို ဆက်သွယ်မေးတော့ မယကကိုသာ မေးပါလို့ပြောပါတယ်။ ဒါနဲ့ပေမယ့် မြို့နယ်မယကရုံးကို ထပ်မံဆက်သွယ်လို့မရပါဘူး၊ ဒါပေမဲ့ သန်ခေါင်းစာရင်းကောက်နေတဲ့ လူအင်အား ၃၀ ကျော်ကတော့ အထူးဒေသ ၄ မိန်းလားဒေသ တပ်မဟာ ၃၆၉ ထိန်းချုပ်တဲ့နယ်မြေ ဆီလူးကျေးရွာအုပ်စု၊ ဆီလူးအရှေ့မြောက်ဘက်ရှိ အခါရွာနဲ့ အရှေ့တောင်ဘက်ရှိသျှမ်းရွာတွေမှာ စာရင်းကောက်နေတုန်းပဲလို့သိရပါတယ်။ အရင် ၂၀၀၈ အခြေခံဥပဒေအတည်ပြုဖို့ လူဆန္ဒကောက်ခံတုန်းကလည်း ပန်းရောင် နိုင်ငံသားမှတ်ပုံတင်အစား အဖြူရောင်ယာယီကဒ်ပြားထုတ်ပေးခဲ့တာကို မကျေမနပ်လို့ အာဏာပိုင်နဲ့ အစိုးရဝန်ထမ်း ၁၀ ဦးကျော်ကို တလနီးပါး ထိန်းသိမ်းခဲ့ဖူးပါတယ်။

# ဒီမိုကရေစီ နှင့် နိုင်ငံခြားအကူအညီ

**ဦးအောင်ခင်**
မျက်မှောက်ရေးရာသုံးသပ်ချက်

မြန်မာပြည်မှာ ဒီမိုကရေစီအပြောင်းအလဲဖြစ်ပေါ်အောင် ဘယ်လိုလုပ်ရင် ကောင်းမယ်ဆိုတာကို ပြန်လည်သုံးသပ်ရမယ်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အာရှ ၄ နိုင်ငံခရီးမှာ လွန်ခဲ့တဲ့လက ပြောသွားတယ်။ လူ့အခွင့်အရေးကို ဗမာစစ်အစိုးရက လေးစားလာအောင်ရည်ရွယ်ပြီး ဒဏ်ခတ်အရေးယူတဲ့နည်းရော၊ အပြုသဘောနဲ့ ဆက်ဆံတဲ့နည်းရော အပြည်ပြည်ဆိုင်ရာကသုံးပေမယ့် မအောင်မြင်ဘူးလို့ ပြောသွားတယ်။ ရိက္ခာလောင်စား ရှားပါးနေတဲ့ မြောက်ကိုရီးယားကို နိုင်ငံအချို့က ရိက္ခာလောင်စာထောက်ပံ့နေတာ ၁၀ နှစ်လောက်ရှိပြီဖြစ်ပေမဲ့ မြောက်ကိုရီးယားအစိုးရက ဘယ်သူပြောတာကိုမှ ဂရုမစိုက်ပဲ ထင်ရာလုပ်နေတာဟာ ဗမာအစိုးရနဲ့ အသွင်တူတယ်။

ဒါကြောင့် ဗမာစစ်အစိုးရဘက်က သိသာမြင်သာတဲ့ပြုပြင်ပြောင်းလဲမှုတွေ အရင်ဆုံးမလုပ်မချင်း အမေရိကန်အစိုးရက ပြစ်ဒဏ်ခတ်အရေးယူတာကို ရုပ်သိမ်းမှာ မဟုတ်ပါဘူး။ အာဏာရှင်အစိုးရက အရင်ဆုံးပြုပြင်ရေးလုပ်ပြမှသာ အမေရိကန်အစိုးရက ကမ်းလှမ်းမယ့်သဘောကို သမတ အိုဘားမားက ပြောထားပြီးသားပါ။ အပြုသဘောဆောင်တဲ့တိုးတက်မှုမျိုးကို အာဆီယံအဖွဲ့ကလည်း မြင်လိုကြပါတယ်။ ဗမာစစ်အစိုးရ အာဆီယံအဖွဲ့ဝင်ဖြစ်တာ ၁၀ နှစ်သာ ကျော်လာပေမဲ့ ဘာမှ မထူးခြားပါဘူး၊ လာမယ်ကြာမယ် ဆိုတဲ့သဘောနဲ့ ဗမာစစ်အုပ်စုကို စောင့်ကြည့်နေကြတုန်းပါ။

ဗမာစစ်အစိုးရအနေနဲ့ အင်ဒိုနီးရှားလိုဒေသခံနိုင်ငံတွေရဲ့ အတွေ့အကြုံကို သင်ခန်းစာယူဖို့လိုတယ်လို့ အာဆီယံရေးရာ အမေရိကန်သံအမတ်က အာဆီယံထိပ်သီးညီလာခံအတွင်း အလွတ်ဆွေးနွေးကြစဉ်က ပြောဆိုသွားတယ်။ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးကလည်း မြန်မာနိုင်ငံကို ကူညီဖို့အဆင်သင့်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးကို ပြောတယ်။ ဒါပေမဲ့ မြန်မာစစ်အစိုးရ လျှောက်နေတဲ့လမ်းဟာ အင်ဒိုနီးရှားဒီမိုကရေစီမျိုးမဟုတ်ပဲ ဆူဟာတိုခေတ်ကို ပြန်သွားသလိုဖြစ်နေတယ်။

အစိုးရပါတီတည်ထောင်ပြီး နိုင်ငံရေးကို လက်ဝါးကြီးအုပ်ဖို့စီစဉ်တာဟာ ဆူဟာတိုခေတ်က ဂိုလ်ကာ(Golkar)ခေါ် အစိုးရပါတီနဲ့ လက်ဝါးကြီးအုပ်တာမျိုးပါပဲ၊ အခြားနိုင်ငံရေးပါတီ ၂ ပါတီကို ခွင့်ပြုထားပေမဲ့ ဘယ်နေရာမှ အရေးပါ အရာရောက်တာမဟုတ်ပါဘူး။ ဂိုလ်ကာပါတီဟာ အင်အားအကြီးမားဆုံးဖြစ်ပြီး အနှစ် ၃၀ နီးပါး သက်ဆိုးရှည်ခဲ့တယ်။ ရွေးကောက်ပွဲလုပ်တိုင်း ဂိုလ်ကာပါတီ အနိုင်ရတာဟာ ဆူဟာတိုစနစ်ပါ၊ ဆူဟာတိုပြုတ်ကျသွားလို့ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးတဲ့အခါ ဂိုလ်ကာပါတီဟာ လက်ဝါးကြီးမအုပ်နိုင်တော့ပေမဲ့ ဆက်လက်ရှင်သန်နေပါတယ်။

နိုင်ငံခြားက ငွေအား လူအားနဲ့ ဝင်ရောက်ကူညီခဲ့ပေမဲ့ ဒီမိုကရေစီစနစ်ရှင်သန်အောင် မလုပ်နိုင်တာဟာ ကမ္ဘောဒီးယားနိုင်ငံပါ၊ ရေခံမြေခံမကောင်းရင် ဒီမိုကရေစီရှင်သန်ဖို့ခက်ခဲကြောင်း ကမ္ဘောဒီးယားက သက်သေပြနေပါတယ်။ ကမ္ဘောဒီးယားဝန်ကြီးချုပ်နဲ့ ဗမာဝန်ကြီးချုပ်ဟာ ကိုယ့်လူမျိုး အရပ်သားကိုယ်စားလှယ်ကို မတွေ့နိုင်ဘူးလို့ လွန်ခဲ့တဲ့စနေနေ့က ထိုင်းနိုင်ငံမှာကျင်းပတဲ့ အာဆီယံထိပ်သီးညီလာခံမှာ အပြင်းအထန်ငြင်းဆိုခဲ့ပါတယ်။ အာဆီယံအဖွဲ့ရဲ့အစီအစဉ်ကို လက်မခံနိုင်ကြောင်း ပြလိုက်တာပါပဲ။ ဒီဖြစ်ရပ်ကိုကြည့်ရင် ဗမာနဲ့ ကမ္ဘောဒီးယားဟာ အာဏာရှင်စနစ်ကိုပဲ နည်းမျိုးစုံနဲ့ ဖက်တွယ်ထားမယ်ဆိုတဲ့သဘောရှိတယ်။

ကမ္ဘောဒီးယားနိုင်ငံမှာ ကုလသမဂ္ဂကကြီးကြပ်ပြီး ဒီမိုကရေစီကူးပြောင်းနိုင်အောင်ကြိုးပမ်းကြတဲ့အတွက် အနှစ် ၂၀ ကျော်အတွင်း ပထမဆုံးသောအထွေထွေရွေးကောက်ပွဲကို ၁၉၉၃ မှာ ကျင်းပနိုင်ခဲ့တယ်။ အပြည်ပြည်ဆိုင်ရာက ဝိုင်းဝန်းကူညီတဲ့အတွက် အတိုက်အခံပါတီနဲ့ သဘောထားကွဲလွဲမှုကို အနည်းအကျဉ်းခွင့်ပြုနိုင်တဲ့နိုင်ငံရေးစနစ်ပေါ်ပေါက်လာလို့ တနေ့ကျရင် ဒီမိုကရေစီထွန်းကားနိုင်တယ်လို့ မျှော်လင့်ခဲ့ကြတယ်။ ဘာမှမရှိတာထက်စာရင် တော်သေးတာပေါ့ ဆိုတာမျိုးပဲ။

ငြိမ်းချမ်းရေး၊ တရားမျှတတဲ့ရွေးကောက်ပွဲကျင်းပရေး၊ လူ့အခွင့်အရေးကာကွယ်ရေး၊ တရားဥပဒေစိုးမိုးရေးစတာတွေကို အကောင်အထည်ဖော်ဖို့အတွက် ကုလသမဂ္ဂငြိမ်းချမ်းရေးအမှုထမ်း ၁၅၀၀ ကျော် ကမ္ဘောဒီးယားကို စေလွှတ်ခဲ့ပါတယ်။ လူအား ငွေအားနဲ့ကူညီခဲ့တာ ၁၅ နှစ်ကျော်လာပေမဲ့ ကမ္ဘောဒီးယားဒီမိုကရေစီဟာ စိတ်မချရသေးပါဘူး။ အဂတိလိုက်စားမှု၊ အာဏာအလွဲသုံးစားလုပ်မှု စတာတွေ များလွန်းအားကြီးတဲ့အတွက် တရားဥပဒေလည်း မကြီးစိုးနိုင်သေးဘူး၊ အကြမ်းဖက်ခြိမ်းခြောက်ပြီး လိုချင်တာရအောင်လုပ်တဲ့နည်းကိုလည်း နေရာတိုင်းလိုလိုမှာ သုံးနေတယ်။

ရွေးကောက်ပွဲလုပ်တိုင်းဒီမိုကရေစီမရနိုင်သလို နိုင်ငံခြားနဲ့ ကုလသမဂ္ဂကူညီတိုင်း ဒီမိုကရေစီမရနိုင်ဘူးဆိုတာကို ကမ္ဘောဒီးယားက သက်သေပြနေသလိုဖြစ်ပါတယ်။ ဒါပေမဲ့ ဒီမိုကရေစီတပိုင်းတစကိုလက်ခံတာဟာ အာဏာရှင်စနစ်ထက် အများကြီးသာတယ်လို့ မြင်ကြပါတယ်။ ဒီမိုကရေစီတပိုင်းတစကို ဒီမိုကရေစီအပြည့်အဝဖြစ်အောင် ပြည်တွင်းပြည်ပက ဆက်လက်ကြိုးပမ်းရပါလိမ့်မယ်။ ရွေးကောက်ပွဲနဲ့ ဒီမိုကရေစီကို အလွဲသုံးစားလုပ်ပြီး အသစ်ပြန်လည်တည်ဆောက်တဲ့အာဏာရှင်စနစ်သစ်ဟာ အခြေခိုင်လာပြီဆိုရင် ဖယ်ရှားရခက်လိမ့်မယ်လို့ ဆိုပါတယ်။

အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ လာအို၊ ဗီယက်နမ်၊ မြန်မာ၊ တရုတ်တို့ကလည်း အာဏာရှင်စနစ်ကို ပုံစံအမျိုးမျိုးနဲ့ အသုံးပြုနေကြတာမို့ ကမ္ဘောဒီးယားအာဏာရှင်စနစ်လိုမျိုး မြန်မာပြည်မှာလည်း ခေတ်စားလာနိုင်ပါတယ်။ ဗမာစစ်ဗိုလ်တွေ အရပ်ဝတ်နဲ့ အသွင်ပြောင်းပြီး ဟွန်ဆဲန်လေးတွေဖြစ်လာကြမှာပဲ၊ ဗမာစစ်ဗိုလ်နဲ့ ဟွန်ဆဲန်တို့အဖွဲ့ဟာ မတရားလုပ်တဲ့နေရာမှာ အသွင်တူကြတယ်။ ဆင်းရဲချမ်းသာကွဲပြားမှု ကြီးမားလာပြီး ဟွန်ဆဲန်ရဲ့ ပြည်သူ့ပါတီ ဟာ နိုင်ငံရေးလောကကို လက်ဝါးကြီးအုပ်တာဟာ ဖုတ်လိုက်ဖုတ်လိုက်ဖြစ်နေတဲ့ ကမ္ဘောဒီးယားဒီမိုကရေစီကို နိဂုံးချုပ်စေနိုင်ပါတယ်။ ဒါပေမဲ့ နိုင်ငံခြားအကူအညီဒေါ်လာ သန်းပေါင်း ထောင်နဲ့ချီပြီး ရနေတာမို့ ရွေးကောက်ပွဲကျင်းပပြီး ဒီမိုကရေစီအမည်ခံတဲ့ နည်းလမ်းကိုတော့ ဟွန်ဆဲန်က စွန့်လွှတ်မှာ မဟုတ်ဘူး။

အရင်းရှင်ဈေးကွက်ကိုပြုစုပျိုးထောင်ရာမှာ အရင်းအနှီးနဲ့ အမြတ်အစွန်းကိုသာ အဓိကထားပြီး ပြည်သူလူထုသာယာဝပြောရေးကိုဂရုမစိုက်လို့ ဆင်းရဲတဲ့နိုင်ငံတွေ များပြားလာကြတာလို့မြင်ကြတယ်။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲကျင်းပတာ ၄ ကြိမ်ရှိသွားပါပြီ၊ ရွေးကောက်ပွဲဟာ ဒီမိုကရေစီစနစ်ရဲ့ လိုအပ်ချက်ဖြစ်ပေမဲ့ သန့်ရှင်းတဲ့ရွေးကောက်ပွဲကျင်းပရုံနဲ့ ဒီမိုကရေစီကျင့်သုံးနိုင်တယ်လို့ မပြောနိုင်ပါဘူး၊ ပြည်သူ့ဘဝသာယာဝပြောရေးကိုမလုပ်နိုင်ရင် ဒီမိုကရေစီ မဟုတ်ဘူး။

ကုလသမဂ္ဂနဲ့ နိုင်ငံခြားကလေ့လာသူတွေ ဗမာ့ရွေးကောက်ပွဲကို စောင့်ကြည့်နိုင်တယ်လို့ ဗမာဝန်ကြီးချုပ်ပြောသွားတယ်ဆိုတာကို ကြည့်ရင် ဗမာစစ်အစိုးရအဖို့ ရွေးကောက်ပွဲကို ကြိုးကိုင်ရတာခက်ပြီး ရလဒ်ကို ထိန်းချုပ်ရတာပိုပြီးလွယ်တယ်လို့ မြင်ပုံရတယ်။ ရွေးကောက်ပွဲနိုင်လို့ ထောင်ကျသွားတဲ့ ပြည်သူ့ကိုယ်စားလှယ်အများအပြားက ဒီအချက်ကို သက်သေပြနေတယ်လေ။

# ကိုမင်းကိုနိုင်လွှတ်ပေးရန် တောင်းဆို

**DVB ၊ မတ်လ ၁ ။ ။** ဖမ်းဆီးခံထားရတဲ့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်မင်းကိုနိုင်ကို ပြန်လွှတ်ပေးဖို့ နော်ဝေးနိုင်ငံရောက် နိုင်ငံတကာ ကျောင်းသားတွေက တောင်းဆိုလိုက်ပါတယ်။

နော်ဝေးနိုင်ငံမြောက်ပိုင်း ထရိုးဟိန်းမြို့မှာ ကျင်းပနေတဲ့ ဖ ကြိမ်မြောက် နိုင်ငံတကာကျောင်းသားပွဲတော်မှ ကျောင်းသားငြိမ်းချမ်းရေးဆုရှင် ၅ ဦးကနေ တဦးတည်းသော အကျဉ်းကျခံဆုရှင် မင်းကိုနိုင်အတွက် အခုလိုတောင်းဆိုလိုက်တာဖြစ်ပါတယ်။ ဒီအခြေအနေနဲ့ပတ်သက်ပြီး မင်းကိုနိုင်ရဲ့ကိုယ်စား အဲဒီပွဲကိုရောက်သူ နိုင်ငံရေးအကျဉ်းသားကူညီရေးအသင်းမှ ကိုဘိုကြည်က ပြောပါတယ်။

"ဆုရတဲ့သူတွေက သူတို့နိုင်ငံတွေရဲ့ အခြေအနေတွေ၊ ကျောင်းသားတိုက်ပွဲတွေ၊ ကျောင်းသားလှုပ်ရှားမှုတွေအကြောင်း ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြတာတွေရှိတယ်။ ကျောင်းသားငြိမ်းချမ်းရေးဆုရှင်တယောက်ဖြစ်တဲ့ မင်းကိုနိုင်က ဆုပေးတဲ့အချိန်မှာလည်း ထောင်ထဲမှာ၊ ဆုရှင်ဟောင်းတွေ ပြန်ဆုံတဲ့ပွဲမှာလည်း မပါနိုင်ဘူးဖြစ်နေတယ်။ ဒီတော့ ကိုမင်းကိုနိုင်ကို သူတို့ထောက်ခံတယ်ဆိုတာကို ပြချင်တာရယ်၊ အစိုးရတွေကိုလည်း ကိုမင်းကိုနိုင်ကို လွှတ်ပေးဖို့ လိုတယ်ဆိုတာကိုလည်း အသိပေးချင်တာတွေရှိတယ်။ ဒါကြောင့် ဆုရှင်ဟောင်းတွေက လက်မှတ်ထိုးပြီး ကိုမင်းကိုနိုင်လွှတ်မြောက်ရေးအတွက် တောင်းဆိုကြတာဖြစ်တယ်။"

ကျောင်းသားငြိမ်းချမ်းရေးဆုကို ၁၉၉၉ ခုနှစ်မှာ စပေးတာဖြစ်ပြီး အဲဒီနှစ်မှာ အရှေ့တီမောက၊ ၂၀၀၁ မှာ မြန်မာနိုင်ငံက ကိုမင်းကိုနိုင်၊ ၂၀၀၃ မှာ ဇင်ဘာဘွေ၊ ၂၀၀၅ မှာ ကိုလံဘီယာ၊ ၂၀၀၇ မှာ မြန်မာနိုင်ငံက နန်းချန်တောင်း၊ ၂၀၀၉ မှာ ဝက်စ်မော်ရိုကိုက အသိမ်းပိုက်ခံထားရတဲ့ ဝက်စ်ဆာဟာရနိုင်ငံက ကျောင်းသူလေးတို့ အသီးသီးရရှိခဲ့ကြပါတယ်။ ဒီပွဲတော်ကို ၂ နှစ်တကြိမ် ကျင်းပပြီး ဖေဖော်ဝါရီ ၂၀ ကနေ မတ်လ ၁ ရက်နေ့အထိကျင်းပတာ ဖြစ်ပါတယ်။ ဆုရှင် ဖ ဦးမှာ ထူးထူးခြားခြား မြန်မာနိုင်ငံမှ ၂ ဦးပါဝင်နေပြီး အဲဒီအထဲက ကျိုင်းတုံထောင်ရှိ မင်းကိုနိုင်ကတော့ တဦးတည်းသော အကျဉ်းကျခံဆုရှင်ဖြစ်နေတယ်လို့ ကိုဘိုကြည်က ပြောကြားခဲ့ပါတယ်။

---

# ကိုမင်းကိုနိုင် ကျန်းမာရေးချို့တဲ့

**RFA ၊ မတ်လ ၃ ။ ။** ရှမ်းပြည်နယ် ကျိုင်းတုံထောင်ကို အပို့ခံထားရတဲ့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်ဟာ ကျိုင်းတုံ ရာသီဥတု အေးလွန်းတဲ့အပြင် တိုက်ခန်းထဲမှာ နေရတဲ့အတွက် ကျန်းမာရေး ချို့တဲ့နေတယ်လို့သိရပါတယ်။

မိသားစုတွေက ကိုမင်းကိုနိုင်ကို ထောင်ဝင်စာတွေ့ပြီး ဖေဖော်ဝါရီလ ၂၂ ရက်နေ့က ရန်ကုန်ကို ပြန်လည်ရောက်ရှိလာတာဖြစ်ပါတယ်။ ကိုမင်းကိုနိုင်ဟာ လက်တဖက်ကပ်တဲ့ဝေဒနာအပြင် မကြာခဏ သွေးတိုးကြောင်းနဲ့ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းလုပ်ခွင့်မရကြောင်း မိသားစုနဲ့နီးစပ်သူတွေကတဆင့် သိရှိရပါတယ်။

ဒါအပြင် ကိုမင်းကိုနိုင်ကို ကိုးကန့်လူမျိုးတဦး ဝ လူမျိုးတဦးနဲ့အတူထားကြောင်း၊ သူတို့နှစ်ဦးစလုံးဟာ ဗမာစကားမပြောတတ်ကြတဲ့အတွက် အချင်းချင်း ပြောဆိုဆက်ဆံရတာ အခက်အခဲရှိပြီး ထောင်တွင်းအခြေအနေရော ပြင်ပအခြေအနေတွေပါ ဘာတခုမှ မကြားသိရကြောင်း၊ မိသားစုတွေကပို့ပေးတဲ့ မဂ္ဂဇင်း ဂျာနယ်တချို့လည်းမရဘူးလို့ ဆိုပါတယ်။

နော်ဝေနိုင်ငံက ချီးမြှင့်တဲ့ Student Peace Prize ကျောင်းသားငြိမ်းချမ်းရေးဆုရှင် ကိုမင်းကိုနိုင်ကို တခြား ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေနဲ့အတူ နအဖစစ်အုပ်စုက ထောင်ဒဏ် ၆၅ နှစ်နဲ့ ဖ လချပြီး မိသားစုတွေနဲ့ ဝေးလံတဲ့ နယ်ထောင်တွေကို ပို့ထားတာဖြစ်ပါတယ်။

# အာဆီယံက နအဖကို တိုက်တွန်း

**DVB ၊ မတ်လ ၁ ။ ။** မြန်မာနိုင်ငံဒီမိုကရေစီအသွင်းကူးပြောင်းရေးမှာ သက်ဆိုင်ရာ အဖွဲ့တွေအားလုံးကို ပါဝင်ခွင့်ပေးဖို့ နအဖစစ်အုပ်စုဝန်ကြီးချုပ်ကို အာဆီယံအဖွဲ့က တိုက်တွန်းလိုက်ပါတယ်။

ဒီနေ့ ပြီးဆုံးသွားပြီဖြစ်တဲ့ ထိုင်းနိုင်ငံ ဟွာဟင်းက အာဆီယံ အစည်းဝေးမှာ အာဆီယံခေါင်းဆောင်တွေက နအဖဝန်ကြီးချုပ်ကို အခုလိုတောင်းဆိုလိုက်တာ ဖြစ်ပါတယ်။ ပွင့်ပွင့်လင်းလင်းဆွေးနွေးမှုအတွင်း မြန်မာနိုင်ငံကတိုးတက်မှုအခြေနေကို ဝန်ကြီးချုပ်သိန်းစိန်က ရှင်းပြအပြီးမှာ အာဆီယံဘက်က ကုလသမဂ္ဂနဲ့ ပိုမိုပူးပေါင်းဆောင်ရွက်ဖို့၊ Roadmap ကို အကောင်ထည်ဖော်တဲ့နေရာမှာ ဒီမိုကရေစီကို ဦးတည်စေဖို့၊ သက်ဆိုင်ရာ နိုင်ငံရေးအဖွဲ့တွေအားလုံးကို ပါဝင်ခွင့်ပေးဖို့၊ နိုင်ငံရေးအကျဉ်းသားတွေကိုလွှတ်ပေးဖို့ အာဆီယံဘက်က ဝန်ကြီးချုပ်သိန်းစိန်ကို တင်ပြခဲ့တယ်လို့ ထိုင်းဝန်ကြီးချုပ် အဗိဆစ်က သတင်းထောက်တွေကို ပြောကြားခဲ့ပါတယ်။

ဒါဟာ မနေ့က မြန်မာ့ဒီမိုကရေစီအရေးလှုပ်ရှားသူတွေနဲ့ သူမတွေ့ချင်ဘူးလို့ မြန်မာဝန်ကြီးချုပ်က ငြင်းဆိုအပြီး ဒီကနေ့သိရတဲ့ ထူးခြားမှုဖြစ်ပါတယ်။ ဒါပေမယ့် အာဆီယံခေါင်းဆောင်တွေ တိုက်တွန်းတဲ့အတိုင်း နအဖစစ်အုပ်စုဘက်ကလက်တွေ့အကောင်ထည်ဖော်ဖို့ရှိမရှိဆိုတာကိုတော့ ထိုင်းဝန်ကြီးချုပ်ကရှင်းပြခြင်းမရှိဘူးလို့ ဟွာဟင်းကလာတဲ့ သတင်းတွေမှာ ဖော်ပြထားပါတယ်။

---

# ဗိုလ်ချုပ်သန်းရွှေနဲ့ ဘီလပ်မြေစက်ရုံ

**NEJ ၊ မတ်လ ၆ ။ ။** ဗိုလ်ချုပ်သန်းရွှေက မြန်မာနိုင်ငံတွင်း ပုဂ္ဂလိက ဘီလပ် မြေစက်ရုံ ၈ ရုံကို ၂၀၁၀ အမီ အပြီးတည်ရန် ညွှန်ကြားထားတဲ့အတွက် စက်မှု ၁ ဝန်ကြီးဌာနမှ အပုတပြင်း အကောင်အထည်ဖော်နေရသော်လည်း မပြီးစီးနိုင်ဟု ဘီလပ်မြေစက်ရုံတည်ဆောက်ရေးကုမ္ပဏီ ဝန်ထမ်းတဦးကပြောပါတယ်။

ကုမ္ပဏီအလိုက် ဘီလပ်မြေစက်ရုံတည်မယ့်နေရာများမှာ မက်စ်မြန်မာကုမ္ပဏီက တောင်ဖီလာ(လယ်ဝေး) ထူးကုမ္ပဏီက ပျဉ်ညောင်–သာစည်၊ အေးရှားဝါးကုမ္ပဏီက ပျဉ်ညောင်–သည်စည် ရွှေတောင်ကုမ္ပဏီက ပျဉ်တောင်–သာစည်၊ ရွှေသံလွင်ကုမ္ပဏီ (နေရာမသတ်မှတ်ရသေး)၊ ကမ္ဘောဇကုမ္ပဏီက ပင်းပက်တောင်ကြီးနဲ့ ပျဉ်ထောင်–သာစည်မှာ ရတနာသီဂိနဲ့ Mother Trading ကုမ္ပဏီများက အသီးသီးတည်ဆောက်ရမှာဖြစ်တယ်လို့ သိရှိရပါတယ်။

ရတနာသီဂိနဲ့ Mother Trading ကုမ္ပဏီများက တည်ဆောက်မယ့် ဘီလပ်မြေစက်ရုံများအတွက် ဝန်ကြီးဦးအောင်သောင်းရဲ့ ရှယ်ယာပါတယ်လို့ စက်မှု ၁ ဝန်ကြီးဌာနနဲ့ ပုဂ္ဂလိကကုမ္ပဏီများအကြား ပြောဆိုနေသော်လည်း ခေတ်ပြိုင်မှ အတည်ပြုနိုင်ခြင်းမရှိသေးပါဘူး။ အဲဒီစက်ရုံများကို ၂၀၁၀ ခုနှစ်အမီ အပြီးတည်ဆောက်ရန် ဝန်ကြီးဦး အောင်သောင်းက ဖိအားပေးနေသော်လည်း မပြီးနိုင်ကြောင်း ပညာရှင်များက ပြောပါတယ်။ ဘီလပ်မြေစက်ရုံများတည်ဆောက်ရာမှာ ဝန်ကြီးဦးအောင်သောင်းနဲ့ နီးစပ်တဲ့တရုတ်ကုမ္ပဏီများမှ စက်များကိုသာ ဝယ်ယူတပ်ဆင်တည်ဆောက်ရမယ်လို့ ညွှန်ကြားထားလို့ ကုမ္ပဏီများမကျေမနပ်ဖြစ်နေကြတယ်လို့သိရပါတယ်။

ရတနာသီဂိကုမ္ပဏီပိုင်ရှင် ဦးအိုက်ရီဆိုလျှင် ဦးအောင်သောင်း ဖျူဟာမှူးဘဝကတည်းက လူယုံတပည့်ဖြစ်ခဲ့တဲ့အတွက် အခုအခါ စက်မှု ၁ ဝန်ကြီးဌာနတခုလုံးရဲ့ဆောက်လုပ်ရေးလုပ်ငန်းများအတွက် တရုတ်ကုန်ကြမ်းများ တရုတ်စက်ပစ္စည်းများ သွင်းခွင့်ရထားသူဖြစ်တယ်လို့ သိရပါတယ်။ ဝန်ကြီး ဦးအောင်သောင်းသား ကိုနေအောင်ကလည်း စက်ဘုရှိ သူ့ပိုင်ကုမ္ပဏီမှတဆင့် စက်ပစ္စည်းပေးသွင်းနေသလို နေပြည်တော်ဟိုတယ်ဇုံမှာလည်း မတ္တရအမည်ရှိ ဟိုတယ်ကြီးတခုတည်ဆောက်နေတာ မပြီးနိုင်ဖြစ်နေတယ်လို့ နေပြည်တော်မျက်မြင်များက ပြောပါတယ်။

# အာဆီယံအား စိမ်ခေါ်နေသည့်အရာများ

**ကျော်ကျော်စိုး**

၁၉၉၇ ခုနှစ်တွင်မြန်မာနိုင်ငံအား အာဆီယံအဖွဲ့ကြီးက အဖွဲ့ဝင်အဖြစ် လက်ခံလိုက်သောအခါ လူ့အခွင့်အရေးနှင့် နိုင်ငံရေးအခြေအနေများ (ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး) တိုးတက်ကောင်းမွန်လာလိမ့်မည်ဟု အာဆီယံအဖွဲ့နှင့် ဒေသတွင်းနိုင်ငံတချို့ မျှော်လင့်ခဲ့ကြသည်။ သို့သော် ထင်သလိုဖြစ်မလာသည့်အခါ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အလေးထားဦးစားပေးသောနိုင်ငံများ၊ အဖွဲ့အစည်းများက မြန်မာပြည်ကိုအကြောင်းပြု၍ အာဆီယံကို နည်းအမျိုးမျိုးဖြင့် တွန်းအား ဖိအားများပေးခဲ့ကြသည်။ အချို့သောအကြောင်းကိစ္စများမှလွဲ၍ အာဆီယံသည် နိုင်ငံတကာမျက်နှာစာတွင် မြန်မာစစ်အာဏာပိုင်များဘက်က ဖေးဖေးမမဖြင့် ရပ်တည်ကာနေခဲ့သည်ကို တွေ့ရသည်။

မြန်မာပြည်၌ ဒီမိုကရေစီတိုးတက်ထွန်းကားရေးကို အာဆီယံအဖွဲ့က လိုလားပါသည်၊ မြန်မာစစ်အာဏာပိုင်များအား ပြုပြင်ပြောင်းလဲမှုများလုပ်လာရန် ဖျောင်းဖျပြောဆိုနေပါသည်ဟုဆိုသော်လည်း တကယ်တမ်းလက်တွေ့တွင်မူ မြန်မာစစ်အာဏာပိုင်များအား ကူညီပံ့ပိုးမှုများ၊ ကျောထောက်နောက်ခံပေးမှုများဖြင့် ဆက်ဆံနေခဲ့သည်။ အချို့သော မြန်မာဒီမိုကရေစီရေးလှုပ်ရှားသူများက အာဆီယံသည် မြန်မာနိုင်ငံတွင် စစ်မှန်သည့်ဒီမိုကရေစီတိုးတက်ဖြစ်ထွန်းလာမည်ကို လိုလားမှုမရှိဟု စွပ်စွဲပြောဆိုမှုများလည်း ရှိလာခဲ့သည်။

မည်သို့ပင်ဖြစ်စေကာမူ မြန်မာနိုင်ငံအပေါ်ထားရှိသော အာဆီယံ၏ ဆက်ဆံရေးမူသည် ၄င်းတို့လူသိရှင်ကြားထုတ်ပြန်ပြောဆိုထားသည့်အရာများ အတွက် လိုလားအပ်သောရလဒ် ထွက်ပေါ်လာခြင်းမရှိသည်မှာ ငြင်းဆို၍ရသော အချက် မဟုတ်သည်မှာ ထင်ရှားလှသည်။ ထို့ကြောင့် အာဆီယံအနေဖြင့် မိမိကိုယ် တိုင်ကသော်လည်းကောင်း၊ မြန်မာနိုင်ငံအပေါ်ထားရှိသည့် မူဝါဒ ကိုသော်လည်း ကောင်း ပြောင်းလဲကျင့်သုံးရန် အထူးလိုအပ်လှပေသည်။

မြန်မာနိုင်ငံတွင် စစ်မှန်သောဒီမိုကရေစီထွန်းကား၍ လူ့ အခွင့်အရေးကို လေးစားတန်ဖိုးထားလာပါက အာဆီယံအဖွဲ့အတွက် အကျိုးရလဒ်များဖြစ်ထွန်း လာမည့်အပြင် မိမိ၏အဖွဲ့ဝင်နိုင်ငံတနိုင်ငံသည်လည်း အကောင်းဘက်ကို ဦးတည် တိုးတက်လာနေသည့်အတွက် ဂုဏ်သိက္ခာလည်း တိုးတက်ဖြစ်ထွန်းလာမည်ဖြစ် ပေသည်။

၁၉၆၇ ခုနှစ်တွင် အာဆီယံအဖွဲ့ကို ထူထောင်စဉ်က ဒေသတွင်းနိုင်ငံ များအကြားပူးပေါင်းဆောင်ရွက်ရေးနှင့် စီးပွားရေးကို အလေးပေးခဲ့သည်။ အဖွဲ့ဝင် တနိုင်ငံ၏ပြည်တွင်းရေးကို အခြားနိုင်ငံများက ဝင်ရောက်မစွက်ဖက်ရေး(non-interference)မူကို ကျင့်သုံးခဲ့ကြသည်။ ထိုမူအရ အဖွဲ့ဝင်နိုင်ငံများ၏အစိုးရ များအကြား နီးကပ်သည့်ဆက်ဆံမှုများကို တည်ဆောက်နိုင်ခဲ့ကြသည်။ ၁၉၈၀ ပြည့်လွန်နှစ်များတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် စီးပွားရေးတိုးတက်မှုများ ဖြစ်ထွန်းလာခဲ့သည်။ အံ့မခန်းလောက်ဖွယ်ဖြစ်ခဲ့သည်ဟု ခိုင်းနှိုင်းသုံးစွဲခဲ့ရလောက် သည်အထိ ဖြစ်ထွန်းခဲ့သည်။ Asia Miracle ဟု ဆိုခဲ့ကြသည်။

စီးပွားရေးတိုးတက်မှုများက ဒေသတွင်းလူနေမှုဘဝပုံစံများကို ပြောင်းလဲ လာစေခဲ့သည်။ သို့သော် စီးပွားရေးတိုးတက်မှုများ၏အကျိုးဆက်ကို ရရှိခံစားနေ သည့်နိုင်ငံများ၏ နိုင်ငံရေး၊ ငွေကြေးစီးဆင်းမှုစနစ်၊ လူမှုဖူလုံရေးစနစ် စသည်များ သည် ယခင်အတိုင်းပင်ရှိနေခဲ့သည်။

၁၉၉၇ ခုနှစ် အာရှငွေကြေးအကျပ်အတည်းဖြစ်ခဲ့သည်။ ထိုအကျပ် အတည်းက အာဆီယံနိုင်ငံများကိုတိုက်ခတ်ခဲ့သော်လည်း ပြိုလဲပျက်စီးသွားသည့် အဆင့်ကို မရောက်သွားစေခဲ့ပေ။ သို့သော် အာဆီယံနိုင်ငံများ၏ အကျပ်အတည်း အခက်အခဲများကို ဖြေရှင်းနိုင်သည့်အရည်အချင်းအပေါ် သံသယဖြစ်လာစေခဲ့ သည်၊ Asia Miracle သည်လည်း အဆုံးသတ်သွားစေခဲ့သည်။

၁၉၉၇ ခုနှစ်နှင့် ၁၉၉၈ ခုနှစ်များအတွင်း အင်ဒိုနီးရှားနိုင်ငံ တောမီးလောင် မှုကြောင့် စင်္ကာပူ၊ မလေးရှားနိုင်ငံများအပေါ်တွင် မီးခိုးမှိုင်း Haze များပျံ့နှံ့ခဲ့မှုက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျပ်အတည်းပြဿနာကိုလည်း အာဆီယံသည် ထိရောက်စွာ ကိုင်တွယ်နိုင်ခြင်းမရှိသည်ကို ဖော်ပြနေသည်။

အရှေ့တီမော တွင် ဖြစ်ပွားခဲ့သည့် မငြိမ်သက်မှုများနှင့် သတ်ဖြတ်မှုများ တွင် အဖွဲ့ဝင် အင်ဒိုနီးရှားနိုင်ငံပါဝင်ပတ်သက်ခဲ့သော်လည်း အာဆီယံအဖွဲ့က ခပ်မဆိတ်နေခဲ့သည်။ ဘာသာရေးအရသော်လည်းကောင်း၊ နိုင်ငံရေးအရသော် လည်းကောင်း ကွဲပြားမှုများကြောင့်ဖြစ်ပွားခဲ့သည့် သတ်ဖြတ်မှုများကို ကာကွယ် တားဆီးနိုင်ခဲ့ခြင်းမရှိခဲ့ပေ။ ဤသည်က လူသားချင်းစာနာထောက်ထားမှု ရှုထောင့် အရသော်လည်းကောင်း၊ လုံခြုံရေးရှုထောင့်အရသော်လည်းကောင်း အာဆီယံ သည် မည်သို့မျှ ဆောင်ရွက်နိုင်ခြင်းမရှိသည်ကို တွေ့ခဲ့ရသည်။

ထိုမျှမကသေး ယခုနှစ် ဇူလိုင်လတွင်အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေးကာလအတွင်း၌ပင် ထိုင်းနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံအကြား နယ်စပ် ရှိ ရှေးဟောင်းဟိန္ဒူဘုရားကျောင်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ နှစ်ဘက်စစ်တပ်များ အကြား တင်းမာမှုများဖြစ်ပွားခဲ့သည့်တိုင် အာဆီယံက ထိရောက်စွာဖြင့် ဝင် ရောက် ဖြေရှင်းနိုင်ခဲ့ခြင်းမရှိသည်ကို တွေ့ခဲ့ရပေသည်။

မြန်မာပြည်ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင်လည်း စစ်အာဏာပိုင် များနှင့် ဒီမိုကရေစီအင်အားစုများအကြား နိုင်ငံရေးအရ ကွဲပြားချက်များအပေါ် အာဆီယံက ဝင်ရောက်စေ့စပ်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပေ။

ဒေသတွင်းနိုင်ငံများအားလုံး အာဆီယံအဖွဲ့ဝင်ဖြစ်လာစေရေးဟူသော ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရေး အတွက် မြန်မာ၊ လာအို၊ ကမ္ဘောဒီး ယားနိုင်ငံများကို အဖွဲ့ဝင်အဖြစ် လက်ခံခဲ့သည်။ အာဆီယံ၏ဆန္ဒပြည့်ဝခဲ့သော် လည်း အဖွဲ့အတွင်း၌ စီးပွားရေးနှင့် နိုင်ငံရေးအရ ကွာဟချက်ကြီးမားမှုရှိနေခြင်းက ချမ်းသာသည့်နိုင်ငံများနှင့် ဆင်းရဲသည့်နိုင်ငံများဟူသော အလွှာများကို ဖြစ်လာစေခဲ့သည်။

ထိုကဲ့သို့ အကျပ်အတည်း အခက်အခဲများက အဖွဲ့ဝင်နိုင်ငံများ၏ ပြည်သူ များအပေါ် အကျိုးသက်ရောက်မှုပမာဏကြီးမားမှုနှင့် နည်းပါးမှု အတိုင်းအတာ မတူညီသော်လည်း အာဆီယံမိသားစု ဟူသော အဖွဲ့ဝင်နိုင်ငံများ၏ အစိုးရများက ခိုင်းနှိုင်းသုံးစွဲလျက်ရှိသည်။ ဤသည်က စစ်မှန်သည့်မိသားစုဆိုသည့် အနှစ်သာရ ကို ဖော်ဆောင်နိုင်ခြင်းထက် အများအမြင်ကောင်းစေရန် ပြောဆိုပြုလုပ်နေ ခြင်းမျှသာဖြစ်သည်ဟူသော အမြင်များကို ဖြစ်ပေါ်စေခဲ့သည်။

သို့သော်လည်း အာဆီယံသည် ၂၀၂၀ တွင် အာဆီယံလူမှုအသိုင်း အဝိုင်းဆိုသည်ကို ဖော်ဆောင်ရန် ရည်မှန်းချက်များထားရှိထားပေသည်။ ထို အတွက် Hanoi Action Plan ဟူသော လုပ်ငန်းဖော်ဆောင်မှုအစီအစဉ်ကို ချမှတ်ထားသည်။ ထိုအစီအစဉ်ထဲတွင် အဖွဲ့ဝင်နိုင်ငံသစ်များအရေးကို ကိုင်တွယ် ရန်၊ ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကိုဖော်ဆောင်ပေးနိုင်မည့် လူမှုအဖွဲ့ အစည်းများနှင့် နိုင်ငံရေးဆိုင်ရာအဖွဲ့အစည်းများကို အင်အားတိုးတက်ကောင်းမွန် လာစေရန်လုပ်ဆောင်ရေးတို့သည်လည်း ပါဝင်သည်။

အာဆီယံလူမှုအသိုင်းအဝိုင်းဆိုသည်ကို ၂၀၂၀ ခုနှစ်တွင် အပြည့်အဝ ထူထောင်နိုင်မည်လောဟူသည့်မေးခွန်းသည် ပေါ်ထွက်နေပြီဖြစ်သည်။ အာဆီယံ လူမှုအသိုင်းအဝိုင်းပေါ်ပေါက်လာရေးအတွက် မည်သို့သောအခြေအနေမျိုးလိုအပ် သနည်း၊ နိုင်ငံရေး၊ လုံခြုံရေးအရ ထည့်သွင်းစဉ်းစားမှုများသာမက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်မှု၊ လူသားဘဝလုံခြုံမှု၊ ဒီမိုကရေစီ စသည်တို့ကိုလည်း ထည့်သွင်းစဉ်းစားရေးမှာ အလွန်အရေးကြီးလှပေသည်။

၁၉၉၇ ခုနှစ် အာရှစီးပွားရေးအကျပ်အတည်းလွန်မြောက်သွားခဲ့ပြီး

**တဘက်သို့**

# ရန်ကုန်မြို့၌ ၂ နေရာတွင် ဗုံးပေါက်

**DVB ၊ မတ်လ ၄ ။ ။** မနေ့ညက ရန်ကုန်မြို့မှာ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အသေအပျောက်မရှိဘူးလို့ သက်ဆိုင်ရာ မြို့နယ်ရဲစခန်းတွေက ပြောပါတယ်။ စမ်းချောင်းမြို့နယ် ပဒုမ္မာပန်းခြံထောင့်မှာ မနေ့ည ၉ ခွဲနာရီခွဲခန့်က ပေါက်ကွဲမှုဖြစ်ပွားခဲ့တာဖြစ်ပြီး အသေအပျောက်၊ ထိခိုက်ဒဏ်ရာရတာမရှိဘူးလို့ စမ်းချောင်းမြို့နယ် ရဲစခန်းက အတည်ပြုပြောဆိုပါတယ်။

အဲဒီနောက် ည ၁၀ နာရီခွဲကျော်ကျော်မှာ ကမာရွတ်မြို့နယ် လှည်းတန်း မီးပွိုင့်အနီး ပေါက်ကွဲမှုထပ်မံဖြစ်ပွားပါတယ်။ အဲဒီ ပေါက်ကွဲမှုမှာလည်း အသေအပျောက်၊ ထိခိုက်ဒဏ်ရာရတာမရှိဘူးလို့ ကမာရွတ်ရဲစခန်းက ပြောပါတယ်။ ဒီပေါက်ကွဲမှုနဲ့ ပတ်သက်ပြီး ခရိုင်ရုံးကနေ စုံစမ်းစစ်ဆေးနေဆဲလို့ ပြောပါတယ်။ ပေါက်ကွဲမှုအသံက တအားကျယ်လောင်ပြီး အဲဒီပေါက်ကွဲမှုဖြစ်တဲ့ ပဒုမ္မာပန်းခြံမှာလက်နက်ကိုင် လုံခြုံရေးတပ်တွေ ထူထပ်စွာချထားတဲ့ကြားက ဒီလိုပေါက်ကွဲမှုဖြစ်ပွားတဲ့အတွက် ထူးဆန်းနေတယ်လို့ စမ်းချောင်းမြို့ခံတဦးက ပြောပါတယ်။

---

# မပေါက်ကွဲသေးတဲ့ ဗုံးတလုံးတွေ့ရှိ

**RFA ၊ မတ်လ ၄ ။ ။** ဒီကနေ့ ၄ ရက်နေ့ မနက်စောစောပိုင်း ရွှေဘုံသာလမ်းမှာ မပေါက်ကွဲသေးတဲ့ ဗုံးတလုံးကို စည်ပင်သာယာဝန်ထမ်းတွေကို တွေ့ရှိခဲ့တယ်လို့ ရဲနဲ့ နီးစပ်တဲ့ သတင်းရပ်ကွက် RFA ကို ပြောပြပါတယ်။

ရွှေဘုံသာလမ်းမှာ နေထိုင်သူတဦးရဲ့အဆိုအရ ရွှေဘုံသာလမ်း ယခင်ရဲရိပ်သာရှိ Family Care ဆေးခန်းရှေ့မှာ ရဲ စစ်တပ်နဲ့ ရယက လူကြီးတွေ ရောက်ရှိလာပြီး ဗုံးလို့ယူဆရတဲ့ ပစ္စည်းကို စစ်ဆေး ဓါတ်ပုံရိုက်ယူနေတာတွေ့ရတယ်လို့ ဆိုပါတယ်။

RFA က ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ကို သတင်းအတည်ပြုဖို့ ဆက်သွယ်ရာမှာ သူတို့အနေနဲ့ ဘာမှပြောရေးဆိုခွင့်မရှိကြောင်းနဲ့ ကွပ်ကဲရေးဌာန ဖုန်းနံပါတ် ၃၇၇၆၆၁ ကိုဆက်သွယ်ရမှာဖြစ်ကြောင်း ပြောဆိုတဲ့အတွက် ဆက်သွယ်ခဲ့ပေမယ့် အဲဒီဖုန်းနံပါတ်မှာ ဖုန်းကိုင်ဖြေကြားမယ့်သူမရှိပါဘူး။

ဒီအတောအတွင်း မြန်မာနိုင်ငံလုံးဆိုင်ရာ ပူးပေါင်းတော်လှန်ရေးအင်အားစု WBUR ဆိုတဲ့အဖွဲ့က မနေ့ကဖြစ်ပွားခဲ့တဲ့ ဗုံးပေါက်ကွဲမှုများဟာ မိမိတို့ရဲ့ လက်ချက်ဖြစ်ပြီး ၂၀၀၈ ခုနှစ်က ထုတ်ပြန်ကြေညာထားတဲ့ တောင်းဆိုချက်တွေ မရမခြင်း ဖေါက်ခွဲရေးလုပ်ငန်းတွေ ဆက်တိုက်လုပ်ဆောင်သွားမယ်လို့ကြေညာတာကို အင်တာနက်စာမျက်နှာမှာ တွေ့ရှိရပါတယ်။

အဲဒီကြေညာချက်ထုတ်ပြန်တဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ ပူးပေါင်းတော်လှန်ရေးအင်အားစု WBUR ဆိုတဲ့အဖွဲ့ပတ်သက်ပြီး RFA စုံစမ်းမေးမြန်းရာမှာ ပြည်တွင်း ပြည်ပ လက်နက်ကိုင် အဖွဲ့အစည်းတွေက ဒီအဖွဲ့နဲ့ပတ်သက်ပြီး တစုံတရာမသိရှိရကြောင်း RFA ကိုပြောဆိုပါတယ်။

---

**တဘက်မှ**

နောက် ၂၀၀၀ ခုနှစ်တွင် ပြန်လည်နာလန်ထူလာသည့် လမ်းကြောင်းပေါ်သို့ စတင်ခြေလှမ်းနေပြီဟု ပြောဆိုလာကြသည်။ ထိုသို့ပြောဆိုလာသည့်အတွက် အာဆီယံအဖွဲ့အနေဖြင့်သော်လည်းကောင်း၊ အဖွဲ့ဝင်နိုင်ငံ တနိုင်ငံချင်းစီအနေဖြင့်သော်လည်းကောင်း မည်သို့လျှောက်လှမ်းမည်နည်း၊ ယခင်လမ်းဟောင်းအတိုင်း လျှောက်လှမ်းမည်လော သို့မဟုတ် လမ်းသစ်ထွင်ကာ လျှောက်လှမ်းမည်လော ဆိုသည်ကိုမေးခွန်းထုတ်ရမည်။ အာရှအံ့မခန်း Asia Miracle ဆိုသည့် အောင်မြင်မှုသည် ၁၉၈၀ ပြည့်လွန်နှစ်များကဖြစ်သည်။ ထို Asia Miracle က အာဆီယံနိုင်ငံများတွင် လူမှုအပြောင်းအလဲ၊ စီးပွားအပြောင်းအလဲများဖြစ်လာစေခဲ့သည်။ သို့သော်လည်း ထိုအပြောင်းအလဲများနှင့်အညီ နိုင်ငံရေး အဆောက်

# အာဏာပိုင်များက ပေါက်ကွဲမှုကိစ္စ မသင်္ကာသည့် လူငယ်တဦးကို ဖမ်းဆီး

**DVB ၊ မတ်လ ၅ ။ ။** ဒီလ ၃ ရက် ရန်ကုန်ဗုံးပေါက်ကွဲမှုနဲ့ပတ်သက်လို့ ရန်ကုန် သဃ်န်းကျွန်းမြို့နယ်က လူငယ်တဦးကိုရန်ကုန်တိုင်းရဲတပ်ဖွဲ့က ထိန်းသိမ်းစစ်ဆေးနေပါတယ်။

သဃ်န်းကျွန်းမြို့နယ်မှာနေတဲ့ ကိုသန်းမြင့်အောင်ကို မနေ့က တိုင်းရဲတပ်ဖွဲ့က ခေါ်သွားပြီး နေအိမ်ကိုလည်း ရှာဖွေစစ်ဆေးတယ်လို့ ကိုသန်းမြင့်အောင်ရဲ့ ယောက္ခမက ပြောပါတယ်။

“စစ်လိုက်တဲ့အခါမှာ စာရွက်လေးတရွက်က ဘာလဲမသိဘူး၊ ရေးထားတာ သူတို့နဲ့ဘာ ပြဿနာလဲတော့မသိဘူး ...... အန်တီလည်း မျက်စိမှုန်နေတာ မကြည့်ဖြစ်ဘူး၊ စိတ်တွေလည်းမှုန်နေတာပဲ၊ ...အဲဒီစာရွက်လေးတွေ့သွားတော့ အဲဒီလူတွေက အဲဒီစာရွက်နဲ့ သူဒုက္ခဖြစ်ပြီတဲ့ အဲဒီလိုပြောတယ်။”

ကွန်ပျူတာကို သိမ်းဆည်းသွားပြီး သင်ပုန်းပေါ်မှာ မိသားစုကိစ္စရေးမှတ်ထားတာတွေကိုလည်း ဗီဒီယိုရိုက်သွားတယ်လို့လည်းပြောပါတယ်၊ ယူနီဖောင်းဝတ်နဲ့အရပ်ဝတ်ရဲ ၂၀ လောက်က အိမ်ကိုစစ်ဆေးနေတုန်း ကိုသန်းမြင့်အောင်ကို ကားထဲမှာ ဖမ်းထားတာတွေ့ရတယ်လို့ ပြောပါတယ်။

“သန်းမြင့်အောင်ကို ထုထောင်းထားတာပေါ့နော်၊ မျက်နှာတွေလည်းညို၊ ပါးစပ်တွေလည်း ဖူးသီးနေတာပေါ့၊ သွားခါနီးမှာ ရေလေးသောက်ချင်တယ်တဲ့ အန်တီလည်း နားလေးတော့ ဘာပြောလဲမသိတော့ အန်တီသားငယ်လေးက သောက်ရေသန့်ဗူးနဲ့ ပေးသောက်တာ သူသောက်သွားတယ်၊ မနက်တည်းက သူ ဘာမှမစားရသေးဘူး။”

ဒီလ ၃ ရက် အင်္ဂါနေ့ညက ကမာရွတ်မြို့နယ် လှည်းတန်းမီးပွိုင့်အနီးနဲ့ စမ်းချောင်းမြို့နယ် ပဒုမ္မာပန်းခြံတို့မှာ ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပါတယ်၊ ဗုံးပေါက်ကွဲတဲ့နေ့မှာ ကိုသန်းမြင့်အောင်ဟာ သဃ်န်းကျွန်းနေအိမ်မှာမရှိဘဲ နယ်ကရောက်လာတဲ့ သူ့မိခင်နဲ့အတူ သန်လျင်မြို့ကို ရောက်နေတာလို့လည်း ပြောပါတယ်။

“မနက်အစောကြီးကတည်းက ထွက်သွားတာ၊ သားမိနှစ်ယောက်ရော သူတို့တူလေးနှစ် ယောက်ရှိတယ် သာကေတမှာ အဲဒီနှစ်ယောက်ကိုခေါ်ပြီးတော့ သန်လျင် ကျောက်တန်းကို သွားတယ်။”

အဲဒီအရင်နေ့မှာလည်း ကိုသန်းမြင့်အောင်က သူ့အမေကို ဘုရားဖူးလိုက်ပို့နေတာလို့ ပြောပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ရုံးကိုဆက်သွယ်မေးမြန်းရာမှာ တာဝန်ကျ တဦးက “စုံစမ်းဆဲပဲရှိပါသေးတယ်” လို့ဖြေပါတယ်။ ဒီနေ့ထုတ် စစ်အစိုးရပိုင် သတင်းစာတွေမှာ ဗုံးပေါက်ကွဲမှုသတင်းကိုဖော်ပြထားပြီး အသွင်အမျိုးမျိုးနဲ့ ဝင်ရောက်လာမယ့်ဖျက်ဆီးရေးသမားတွေကို ပြည်သူတွေ ဖော်ထုတ်သတင်းပေးပို့ကြဖို့ ရေးသားထားပါတယ်။

---

အအုံပြောင်းလဲလာခဲ့ခြင်းမရှိခဲ့ပေ။ ဤသည်က အာရှစီးပွားရေးအကျပ်အတည်း၏ ရေသောက်မြစ်ဖြစ်သည်။

ပြောင်းလဲလာသည့် လူမှုအသိုင်းအဝိုင်းဆိုင်ရာအတွေးအခေါ်နှင့် စီးပွားရေးဆိုင်ရာအတွေးအခေါ်နှင့် ခေတ်မမီတော့သည့် နိုင်ငံရေးအယူအဆသဘောထားတို့အကြား လွန်ဆွဲပွဲတွင် အာဆီယံပြည်သူများခံခဲ့ရသည်။ အကျပ်အတည်းကာလတွင် တွေ့ကြုံခဲ့ရသည်များနှင့် အကျပ်အတည်းလွန်ကာလအတွေ့အကြုံများကို စိမ်ခေါ်မှုများအဖြစ်ဖြင့် ရှုမြင်ကာ ရင်ဆိုင်ဖြေရှင်းရပေ မည်။ အခြေခံအကျဆုံးမှာ အစိုးရဗဟိုပြုနည်းလမ်းထက် လူထုအခြေပြု နည်းလမ်းကို အကောင်အထည်ဖော်နိုင်ရန် အရေးကြီးပေသည်။ ထို့ကြောင့် ဒီမိုကရေစီ န– ၁သခမခေပ၊ စီးပွားရေးပွင့်လင်းမှု ဆခသညသာခေ ဥစနညချ ၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားဘဝ လုံခြုံမှု Development and Human Security တို့သည် အာဆီယံနိုင်ငံများကို စိမ်ခေါ်နေသည့်အရာများဖြစ်သည်။

# VB သူ့အမြင်

ရှေ့မတိုးနောက်မဆုတ်ဖြစ်နေတဲ့ မြန်မာနိုင်ငံရဲ့ အခြေအနေဟာ ဒီကနေ့မှာ ပြတ်ပြတ်သားသားလုပ်ဆောင်ဖို့အချိန်တန်ပြီဖြစ်ကြောင်း ဖေဖော်ဝါရီလ ၂၃ နေ့ ဘန်ကောက်မှ ထုတ်ဝေသော The Nation သတင်းစာရဲ့ အယ်ဒီတာ့အာဘော်ကို အခုတပတ်သူ့ အမြင်ကဏ္ဍအဖြစ်တင်ဆက်လိုက်ပါတယ်။

ညှဉ်းပမ်းနှိပ်စက်မှုမှာ နာမည်ကြီးလှတဲ့ အင်းစိန်ထောင်အပါအဝင် နိုင်ငံအနှံ့ရှိ အကျဉ်းထောင်များမှာ နိုင်ငံရေးအကျဉ်းသားတချို့အပါအဝင် အကျဉ်းသား ၆၃၁၃ ယောက်ကို မကြာသေးမီက နအဖစစ်အုပ်စုမှ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်အရ လွှတ်ပေးလိုက်ပါတယ်။

နိုင်ငံရေးအကျဉ်းသား ၂၁၀၀ ကျော်ရှိတဲ့အနက် လွှတ်ပေးတဲ့အထဲမှာ ၂၃ ယောက်သာပါပါတယ်။ ဒါပေမယ့် အဖွဲ့ချုပ်ခေါင်းဆောင်များဖြစ်တဲ့ ဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ဟာ လွှတ်ငြိမ်းချမ်းသာခွင့်နဲ့ မဆိုင်သလို ဆက်လက်ချုပ်နှောင်ခံနေရဆဲဖြစ်ပါတယ်။ အဖွဲ့ချုပ် ခေါင်းဆောင်နှစ်ဦးစလုံးဟာ ၂၀၀၃ ခုနှစ် မေလ ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှုခံရပြီးကတည်းက အကျယ်ချုပ်နဲ့ အချုပ်နှောင်ခံထားရတာဖြစ်ပါတယ်။

ကုလလူ့အခွင့်အရေးအထူးသံ Tomas Ojea Quintana မြန်မာနိုင်ငံကို မရောက်မီ တရက်အလိုမှာ ဦးတင်ဦးကို နေအိမ်အကျယ်ချုပ်သက်တမ်းတနှစ်ထပ်တိုးလိုက်ပါတယ်။ ဒီလုပ်ရပ်ဟာ ပေါ့ပေါ့ပျက်ပျက်လုပ်နေတဲ့ ကုလသမဂ္ဂကို နားရွက်တံတွေးဆွတ်လိုက်တဲ့ လုပ်ရပ်ဖြစ်ပါတယ်၊ မြန်မာနိုင်ငံက ပြန်သွားတဲ့ ကုလအထူးသံ Mr.Gambari လုံခြုံရေးကောင်စီကို မြန်မာနိုင်ငံရဲ့ အလုပ်မဖြစ်တဲ့ သူ့ရဲ့ခရီးစဉ်အခြေအနေကို အစီရင်ခံတင်ပြအပြီး နောက်တနေ့မှာ အခုလိုအကျဉ်းသားအမြောက်အများလွှတ်ပေးလိုက်တာဖြစ်ပါတယ်။

အကျဉ်းသားအမြောက်အများထဲက မပြောပလောက်တဲ့နိုင်ငံရေးအကျဉ်းသားအနည်းငယ်ကိုသာ လွှတ်ပေးလိုက်တယ်ဆိုပေမယ့် သတိနဲ့ ကြိုဆိုရမှာဖြစ်ပါတယ်။ နအဖစစ်ဗိုလ်ချုပ်တွေဟာ အခက်အခဲအကျပ်အတည်းနဲ့ ရင်ဆိုင်ရတဲ့ အခါတိုင်းမှာ အခုလိုလုပ်တတ်တယ်ဆိုတာကိုတော့ မျက်ခြေမပြတ်သင့်ပါဘူး။

ဒီလိုလွှတ်ပေးခြင်းအားဖြင့် ပြည်တွင်းမှာ အခြေအနေတွေတိုးတက်သယောင်ထင်ရပေမယ့် အပြောင်းအလဲအတွက်တာစူနေတဲ့ ဖြစ်စဉ်တွေဟာ အလွန်အမင်းနှေးကွေးနေတာကြောင့် အားလုံးအနေနဲ့ အထူးသတိထားကြိုဆိုရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံကို သွားရောက်ခဲ့တဲ့ ကုလသမဂ္ဂအထူးသံ Mr.Gambari ရဲ့နောက်ဆုံးခရီးစဉ်နှစ်ခေါက်မှာ လုံခြုံရေးကောင်စီကို တင်ပြရလောက်အောင် ဘာတခုမှ ဖြစ်ဖြစ်မြောက်မြောက်အချက်အလက်တွေပါမသွားပါဘူး၊ ဒါကြောင့်လည်း ကုလသမဂ္ဂဆိုင်ရာ ပြင်သစ်သံအမတ်ကြီး Mr.Jean Maurice Ripert က Mr.Gambari ရဲ့ အစီရင်ခံစာဟာ သိပ်ကိုပါးလွှန်းပြီး အင်မတန်စိတ်ပျက်စရာကောင်းကြောင်း အပြင်းအထန် ပြစ်တင်ဝေဖန်လိုက်တာပါတယ်။

လုံခြုံရေးကောင်စီအနေနဲ့ နအဖစစ်ဗိုလ်တွေ ကျင်းပမယ့် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲမှာ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ အတိုက်အခံအင်အားစုတွေ ပါဝင်ခွင့်မပေးဘူးဆိုရင် ဒီရွေးကောက်ပွဲကို တရားဝင်အသိအမှတ်မပြုဖို့ ပြင်သစ်သံအမတ်ကြီးက တိုက်တွန်းတောင်းဆိုလိုက်ပါတယ်။

Mr.Ban Ki-Moon ဟာ Mr.Gambari အား မြန်မာနိုင်ငံကို လက်ဗလာချည်းစေလွှတ်လိုက်တဲ့အတွက် ရလာမယ့် ရလဒ်အခြေအနေကို အလွယ်တကူ ခန့်မှန်းတွက်ချက်လို့ရပါတယ်။ Mr.Ban Ki-Moon မတိုင်မီ Mr.Kofi Annan လက်ထက်တုန်းကလည်း အလားတူ အထူးသံ Mr.Razali Ismail ကို စေလွှတ်ခဲ့တာ အားလုံးအသိပါ။ Mr.Razali အနေနဲ့လည်း ရက်စက်ကြမ်းကြုတ်ခေါင်းမာလှတဲ့ နအဖစစ်ဗိုလ်ချုပ်တွေနဲ့ တိုးတက်မှုတစုံတရာရရှိအောင် မစွမ်းဆောင်နိုင်ခဲ့ပါဘူး။

အခုလို ကုလသမဂ္ဂကိုယ်စားလှယ်နှစ်ယောက်နဲ့ ကမ္ဘာ့နိုင်ငံများအားလုံးက တူညီတဲ့ရည်မှန်းချက်ဖြစ်တဲ့ မြန်မာနိုင်ငံအပြောင်းအလဲကိစ္စဟာ အောင်မြင်မှု ရှိနိုင် မရှိနိုင်ဆိုတာကို ပြန်လည်သုံးသပ်သင့်ပါပြီ။ မြန်မာနိုင်ငံသွားရောက်ပြီး နိုင်ဘဲလ်ငြိမ်းချမ်းရေးဆုရှင်ဒေါ်အောင်ဆန်းစုကြည်နဲ့ နအဖ ဗိုလ်ချုပ်သန်းရွှေတို့နဲ့အတူ ဓါတ်ပုံတွဲရိုက်နိုင်တာဟာ တိုးတက်အောင်မြင်တဲ့ အခြအနေတရပ်လို့ မမှတ်ယူသင့်ပါဘူး။

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတဲ့ စကားလုံးဟာ နိုင်ငံတကာမိသားစုအတွင်းမှာ ကြားလို့ကောင်းတဲ့ အသံတခုသာ ဖြစ်ပေမယ့် နအဖစစ်ဗိုလ်ချုပ်တွေအတွက် တကယ်ကို လိုလိုလားလားဖြစ်စေချင်တဲ့လုပ်ငန်းစဉ်အဖြစ် အားလုံးကို သိစေချင်ပုံရပါတယ်။

ကုလသမဂ္ဂအနေနဲ့ တရားသဖြင့် လုပ်ဆောင်လိုပါက နအဖစစ်ဗိုလ်ချုပ်တွေကို မုံ့တဘက် တုတ်တဘက် ပေါ်လစီကို လုပ်ဆောင်ရပါမယ်၊ ဒီလိုအခြေအနေမှာ ကုလသမဂ္ဂအနေနဲ့ ကောင်းမွန်တဲ့ အစီအစဉ်တွေ ချမှတ်လုပ်ဆောင်နိုင်ပါတယ်၊ ဒီလိုအစီအစဉ်မှာ အရေးပါတဲ့ သဘောတူညီမှုတွေ ရရှိကောင်းရရှိလာနိုင်ပါတယ်။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ သေချာစွာ ဖမ့်မိဈာန်ကျတဲ့ ရည်မှန်းချက်တွေမပါရှိဘဲနဲ့ နအဖစစ်ဗိုလ်ချုပ်တွေကို စကားပြောဆိုဖြောင်းဖြနေခဲ့တာ နှစ်တွေအတော်ကြာခဲ့ပါပြီ၊ ဒီကနေ့ အခြေအနေမှာ နအဖစစ်ဗိုလ်ချုပ်တွေကို မကြိုက်တာကို မကြိုက်ကြောင်း ပြတ်ပြတ်သားသားပြောရပါတော့မယ်၊ ကုလသမဂ္ဂအနေနဲ့ နအဖထိပ်ပိုင်းစစ်ဗိုလ်ချုပ်တွေကို အရေးယူဖို့ တိကျရေယာပြီး ပြည့်စုံသော စီမံချက်တွေချ မှတ်လုပ်ဆောင်ဖို့အချိန်တန်ပါပြီ။ နအဖစစ်ဗိုလ်ချုပ်တွေအနေနဲ့ နှစ်ရှည်ထောင်ဒဏ်ချခံရနိုင်မှုတွေ၊ အရပ်သားအစိုးရရဲ့ဝန်ကြီးအဖွဲ့အောက်မှာ တာဝန်ရယူနိုင်မှုတွေနဲ့ရင်ဆိုင်ရဖို့ရှိတယ်ဆိုတာကို သိထားဖို့လိုပါတယ်။

မြန်မာနိုင်ငံအပြောင်းအလဲအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံတွေနဲ့ ဒေသတွင်းနိုင်ငံတွေဟာ စိတ်မပါ့တပါနဲ့ လုပ်ခဲ့ကြတာ အချိန်တွေ အတော်ကြာခဲ့ပါပြီ။ အပြုသဘောဆောင်တဲ့ ချဉ်းကပ်မှုနဲ့ လမ်းပြမြေပုံဆိုတဲ့ စကားလုံးတွေကို အသုံးပြုခဲ့လို့ လက်တွေ့မှာ အလုပ်မဖြစ်ခဲ့တာ အာဆီယံနိုင်ငံတွေ သဘောပေါက်ခဲ့ပါပြီ။ ယခင် ထိုင်းဝန်ကြီးချုပ်သာဆင်အစိုးရလက်ထက်မှာ ဘန်ကောက်ပရောဆက်ဆိုပြီး မိကျောင်းမင်းရေခင်းပြလုပ်လိုက်တာ မအောင်မြင်တဲ့အပြင် လူအများရယ်စရာဖြစ်ခဲ့ပါတယ်။ နအဖစစ်ဗိုလ်ချုပ်များက သူတို့မှာ ကိုယ်ပိုင်လမ်းပြမြေပုံနဲ့ချီတက်နေကြောင်း ပြောလိုက်တော့မှ သာဆင်အစိုးရအဖွဲ့ဟာ ကိုယ်ရှိန်သတ် ငြိမ်သွားပါတော့တယ်။

ဘာဘဲဖြစ်ဖြစ် နအဖဗိုလ်ချုပ်တွေကတော့ ၂၀၁၀ ရွေးကောက်ပွဲလုပ်ဖို့ ခေါင်းမာမာနဲ့ ဆုံးဖြတ်ထားပါတယ်။ အာဆီယံအဖွဲ့ကြီးနဲ့အတူ ကမ္ဘာ့နိုင်ငံအသီးသီးက မြန်မာနိုင်ငံလူထုအတွက် အလေးအနက်ထားမလုပ်ဆောင်ဘူးဆိုရင် အချိန်ဟာ သိပ်မရှိတော့ပါဘူး။

အမေရိကန်သမတသစ် Mr.Barack Obama ဟာ သူ့ရဲ့ နန်းတက်မိန့်ခွန်းမှာ ကမ္ဘာ့ပေါ်ရှိ လက်ကျန်အာဏာရှင်တွေရဲ့ အခြေအနေကိုထည့်သွင်းသတိပေးပြောဆိုခဲ့တာရှိပါတယ်။ အာဏာရှင်လူဆိုးတွေ လူထုအပေါ် ဖိနှိပ်မှုတွေကို မလျှော့ဘူးဆိုရင် အမေရိကန်အစိုးရအနေနဲ့ အရေးယူမှုတွေ လုပ်ရပါလိမ့်မယ်လို့ ပြောဆိုခဲ့ပါတယ်။ ၁၉၉၀ ခုနှစ်ကတည်းက အမေရိကန်အစိုးရဟာ မြန်မာနိုင်ငံအပေါ် စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့အရေးယူခဲ့တာ အခုထိပါပဲ။ ဒါပေမယ့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Hillary Clinton က လတ်တလော အင်ဒိုနီးရှားနိုင်ငံရောက်ခိုက် မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ အမေရိကန်ရဲ့မူဝါဒတွေကို ပြန်

**စာမျက်နှာ ၁၃ သို့**

# သတင်းပြက္ခဒိန်

2009

| | | | | | | |
|---|---|---|---|---|---|---|
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | 31 | |

**မတ် ၁ ၊ NEJ ။။** ရိုဟင်ဂျာကိစ္စ အာဆီယံနှင့် ရှင်းလင်းနိုင်ရန် စက်မှု ၁ ဝန်ကြီး ဦးအောင်သောင်းအား ရခိုင်ပြည်နယ်သို့ စစ်ဆင်ရေးပုံစံဖြင့် တာဝန်ပေးထားကြောင်း။

**မတ်၁ ၊ DVB ။။** မြန်မာနိုင်ငံဒီမိုကရေစီအသွင်းကူးပြောင်းရေးတွင် သက်ဆိုင်ရာအဖွဲ့အားလုံးပါဝင်ခွင့်ပေးရန် နအဖဝန်ကြီးချုပ်အား အာဆီယံမှ တိုက်တွန်းလိုက်၏။

**မတ် ၁ ၊ DVB ။။** စော်ဘွားကြီးကုန်းတွင် ဒဂုံတက္ကသိုလ်ကျောင်းသား ၄ ဦးနှင့်ဆရာတဦးတို့အားအရက်မူးသူ ၇ ဦးမှ ရိုက်နှက်မှုကို အာဏာပိုင်များမှအရေးယူဆောင်ရွက်ခြင်းမရှိ၍ ထိုင်းနယ်စပ်အခြေစိုက် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်မှ ပစ်တင်ရှုတ်ချ၏။

**မတ် ၁ ၊ DVB ။။** ဖမ်းဆီးခံထားရသည့် ၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင်မင်းကိုနိုင်ကို ပြန်လွှတ်ပေးရန် နော်ဝေရောက် နိုင်ငံတကာကျောင်းသားများမှ တောင်းဆို၏။

**မတ် ၁ ၊ DVB ။။** ထိုင်းနိုင်ငံ အာဏာပိုင်များ၏ဖမ်းဆီးမှုများကြောင့် ထိုင်းရောက်ရွှေ့ပြောင်းမြန်မာလုပ်သားများ စိတ်မငြိမ်နိုင်ဘဲ ကြောက်လန့်နေရကြောင်း။

**မတ် ၁ ၊ DVB ။။** ရန်ကုန် ဒဂုံတက္ကသိုလ်မှ ကျောင်းသားနှင့်ဆရာများ ရိုက်နှက်ခံရမှုကို ရဲ နှင့် ကျောင်းအာဏာပိုင်များမှ ဖုံးဖိနေဆဲဖြစ်ကြောင်း။

**မတ် ၂ ၊ NCGUB ။။** ၂၀၁၀ ရွေးကောက်ပွဲတွင် လက်တွေ့ကွင်းဆင်းစောင့်ကြည့်ရန် ကုလသမဂ္ဂနှင့် တိုးတက်သောနိုင်ငံများမှ အရာရှိများအား မြန်မာသို့လာခွင့်ပြုမည်ဟု နအဖဝန်ကြီးချုပ်သိန်းစိန်မှ ဆိုကြောင်း။

**မတ် ၂ ၊ XNA ။။** မေ ၁၅ မှ ၁၉ ထိ မန္တလေးနှစ် ၁၅၀ ပြည့်အထိမ်းအမှတ်ပွဲ မန်းတောင်ခြေတွင်ကျင်းပရန် အာဏာပိုင်များမှ ပြင်ဆင်နေကြောင်း။

**မတ် ၂ ၊ DVB ။။** တောင်သူလယ်သမားများ၏ အခက်အခဲများကို လက်ရှိစစ်အုပ်စုမှ လျစ်လျူရှုထားသည်ဟု တောင်သူလယ်သမားများမှဆို၏။ တောင်သူလယ်သမားများ၏နစ်နာမှုနှင့်၊ အခွင့်အရေးများကို ထိထိမိမိတင်ပြနိုင်ရန် အလုပ်သမားသမဂ္ဂတရပ် မဖြစ်မနေလိုအပ်ကြောင်း တောင်းဆို၏။

**မတ် ၂ ၊ DVB ။။** မော်လမြိုင်တွင် ပြီးခဲ့တဲ့အပတ်မှစ၍ လျှပ်စစ်မီတာအသစ် မတပ်မနေရဆိုပြီး မြို့နယ်လျှပ်စစ်က လိုက်လံတပ်ဆင်နေကြောင်း။

**မတ် ၂ ၊ DVB ။။** တောင်ဒဂုံမြို့သစ်မြို့နယ် ညသန့်ကောင် ချွေးကိုခဲနှင့်ပေါက်ရာ ကင်းတဲကိုထိ၍ ပေါက်သူလူငယ်အား ကင်းစောင့် ၅ ဦးမှဝိုင်းရိုက်၍ ဆေးရုံတင်ထားရ၏။

**မတ်၃ ၊ DVB ။။** တိုင်းနှင့်ပြည်နယ်များတွင် အဲန်အဲလ်ဒီအဖွဲ့ချုပ် လူငယ်ဖော်ဆောင်ရေးကို ဗဟိုက ချမှတ်ချက်အတိုင်း အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရေးစတင်ကြိုးပမ်းနေပြီဟု ထားဝယ်မြို့နယ် အဲန်အဲလ်ဒီ ဥက္ကဋ္ဌ ဦးဘစိန်မှဆို၏။

**မတ် ၃ ၊ DVB ။။** ဓနုဖြူမြို့ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ပေးနေသော မြို့ခံများ၏ နှစ်စဉ်ကျင်းပနေကျ အလှူကို ကြံ့ခိုင်ဖွံ့ဖြိုးရေးမှ ဦးဆောင်မှုခံမှ လှူခွင့်ရမည်ဆို၍ အလှူပျက်သွားပြီး မျက်စိဝေဒနာရှင်များဆုံးရှုံးနစ်နာရကြောင်း ဓနုဖြူမြို့က မျက်စိဝေဒနာရှင်များမှဆို၏။

**မတ် ၃ ၊ DVB ။။** ကျိုင်းတုံတွင် နိုင်ငံရေးအကျဉ်းကျနေသော မင်းကိုနိုင်သည် ကျန်းမာရေး ချို့တဲ့နေကြောင်း။

**မတ်၄ ၊ DVB ။။** မတ် ၄ နံနက်တွင် ရွှေဘုံသာလမ်း Family Care ဆေးခန်းရှေ့တွင် မပေါက်ကွဲသေးသော ဗုံးတလုံးကို စည်ပင်သာယာဝန်ထမ်းများမှ တွေ့ရှိခဲ့ကြောင်း ရဲနှင့်နီးစပ်သော သတင်းရပ်ကွက် RFA သို့ပြော၏။

**မတ်၄ ၊ DVB ။။** ယမန်နေ့ည စမ်းချောင်းနှင့် ကမာရွတ်လှည်းတန်းတို့တွင် ဗုံးပေါက်မှု တခုစီဖြစ်ခဲ့ရာ ထိခိုက်ဒဏ်ရာရသူမရှိကြောင်းဆိုင်ရာမြို့နယ်ရဲစခန်းများမှဆို၏။

**မတ် ၄ ၊ DVB ။။** နအဖနှင့် အပစ်အခတ်ရပ်စဲထားသော ကချင်အဖွဲ့သုံးခုဖြင့် Kachin State Progressive Party နိုင်ငံရေးပါတီ တည်ထောင်ရန် ပြင်ဆင်နေကြောင်း။

**မတ် ၁ ၊ DVB ။။** အာဆီယံညီလာခံပြီးဆုံးခဲ့ရာ အဖွဲ့ဝင်များသည် မြန်မာ့အရေးတွင် အာဆီယံထက် ကုလသမဂ္ဂကိုသာ အားကိုးကြောင်း သက်သေပြခဲ့၏။

**မတ် ၂ ၊ Bloomberg ။။** အာဆီယံသည် အီးယူပုံဆံ ပဋိညာဉ်လက်မှတ်ထိုးသမိုင်းတွင်ခဲ့သော်လည်း အီးယူသိပ်သီးမှုအား လားလားမျှ မမှီကြောင်း။

**မတ် ၄ ၊ Mizzima ။။** ထိုင်းမြေတွင် တပ် မချရန် ထိုင်းမှကေအင်ယူအား လွှန်ခဲ့သည့်ဆယ်ရက်ခန့်က သတိပေးထားကြောင်း။

**မတ် ၄ ၊ GLASGOW ။။** ဒေါ်အောင်ဆန်းစုကြည်အား Freedom of the City of Glasgow ဆုကိုအပ်နှင်းရာ ဒေါက်တာသောင်းထွန်းမှ ကိုယ်စားယူခဲ့၏။

**မတ် ၄ ၊ NY ။။** TCG ခေါ် အာဆီယံ၊ မြန်မာနှင့် ကုလသမဂ္ဂတို့ဖြင့်ဖွဲ့စည်းထားသည့် သုံးပွင့်ဆိုင် ၂၀၀၈ နာဂစ်မုန်တိုင်းကူအဖွဲ့ကို သက်တမ်းတနှစ်တိုးခဲ့၏။

**မတ် ၅ ၊ KL ။။** ရိုဟင်ဂျာဒုက္ခသည်များအား မြန်မာသို့ပြန်ပို့ရောက်ရှိလျှင် နှိမ်ခြင်းနှိပ်စက်ခြင်းမပြုရန် နအဖမှ ကတိကဝတ်ပြုသင့်သည်ဟု မလေးရှားမှဆို၏။

**မတ် ၅ ၊ RGN-AP ။။** အမေရိကန်ပြည်ထောင်စု၏ ဖေဖော်ဝါရီ ၂၅ နှင့် ၂၇ မြန်မာလူ့အခွင့်အရေး အပေါ်ထုတ်ပြန်ချက်သည် သတင်းမမှန်လုံ့ဆော်မှုများကြောင့် ဖြစ်ကြောင်း နအဖမြန်မာ့အလင်းသတင်းစာမှ ချေပ၏။

**မတ် ၅ ၊ GENEVA ။။** မြန်မာမှ ရိုဟင်ဂျာဒုက္ခသည်များအား ခိုလှုံခွင့်ပြုရန် ကုလလူ့အခွင့်အရေးထိပ်သီး Navi Pillay မှဆို၏။

**မတ် ၅ ၊ AFP ။။** ရန်ကုန်တွင်ဗုံး ၂ လုံးပေါက်ကွဲပြီးနောက် ပြည်သူများအား အထူးသတိထားရန် နအဖမှ နှိုးဆော်ကြောင်း။

**မတ် ၅ ၊ Mizzima ။။** Myanmar Egress သည် ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်မပြိုင်ဟု Mizzima သို့ဆို၏။

**မတ် ၅ ၊ Irrawaddy ။။** USDA သည် ၂၀၁၀ ရွေးကောက်ပွဲတွင် မည်သည့်အမည်၊ မည်သည့်အသွင်ဖြင့်ပါဝင်ယှဉ်ပြိုင်မည်ကို သကြီန်မတိုင်မီ ကြေညာဖွယ်ရှိ၏။

**မတ်၅ ၊ ICP-UN ။။** ဆူဒန်သမတ Bashir အား စွဲချက်တင်ချင်းအပေါ် သတင်းထောက်များစွာ သတင်းယူနေချိန် မြန်မာပိုလ်ချုပ်သန်းရွှေအား အလားတူအရေးယူရန် ဒီမိုကရေစီလှုပ်ရှားသူ နော်ထူးပေါနှင့် ခင်စန်းထွေးတို့၏ တောင်းဆိုတင်ပြချက်ကို ကမ္ဘာမှစိတ်ဝင်စားမှုနည်းကြောင်း။ သတင်းထောက်တဦးသာရှိကြောင်း။

**မတ် ၆ ၊ MIADHU-Maldives ။။** မော်လ်ဒိုက်နိုင်ငံသည် မြန်မာနှင့် အခြား နိုင်ငံများမှ အတိုက်အခံသတင်းနှင့် စာပေလောကမှ လူများ၏ စိတ်ချစွာ အခြေစိုက်နိုင်မည့်နိုင်ငံအဖြစ်ဖန်တီးမည်ဟု မော်လ်ဒိုက်သမတ Nasheed မှ ဆို၏။

**မတ် ၆ ၊ Wahington Times ။။** မိမိတို့အသက်အရွယ်သင်တန်းသားများ အနေဖြင့် နအဖနှင့် စစ်ဖြစ်မည်ဟုထင်ကြောင်း ကချင်လွတ်လပ်ရေးတပ်မတော်မှ ၂၂နှစ်ရွယ်သင်တန်းသားတဦးမှဆို၏။

**စာမျက်နှာ ၁၃ သို့**

# ဦးဏှောက်အမြှေးပါး ရောဂါဖြစ်ပွား

**DVB ၊ မတ်လ ၅ ။ ။** မြန်မာပြည်အလယ်ပိုင်း မကွေးတိုင်း ပခုက္ကူမြို့မှာ ဦးဏှောက်အမြှေးရောင်ရောဂါကြောင့် သေဆုံးသူရှိလို့ ဒေသခံတွေ ထိတ်လန့်နေပါတယ်။

ပခုက္ကူမြို့က သက်တော် ၁၄ နှစ်ရှိ ကိုရင်တပါး အပြင်းစား ဦးဏှောက်အမြှေးရောင်ရောဂါ (ဒေသအခေါ် အနာတိုင်တောင်) နဲ့လွန်ခဲ့တဲ့ ရက်သတ္တနှစ်ပတ်တုန်းက ပျံလွန်သွားလို့ ဒေသခံတွေ လူတွေထိတ်လန့်နေတာလို့ ပခုက္ကူ ဒေသခံတဦးက ပြောပါတယ်။ ပခုက္ကူမြို့ ဆုကြီးပန် တောင်ပေါ်စေတီမှာ သီတင်းသုံးတဲ့ အဲဒီကိုရင် ပျံလွန်ချိန်မှာ ကိုယ်ပေါ်မှာ အနီကွက်တွေထွက်လို့ ကြောက်လန့်ကြပြီး ရောဂါကာကွယ်ဆေးဆိုတာတွေကို တလုံး ကျပ် ၁၅၀ နဲ့ ဝယ်စားသူတွေလည်း ရှိနယ်လို့ ပခုက္ကူက ဦးဇင်းတပါးက မိန့်ပါတယ်။ "အမှန်ကတော့ အချင်းချင်းပြောဆိုစားနေကြတယ်ထင်ပါရဲ့ဗျာ။"

ဒီရောဂါဟာ နွေရာသီမှာဖြစ်ပွားတတ်ပြီး ဖုန်ထူတဲ့ဒေသတွေမှာ အသက်ရှူလမ်းကြောင်း ကတဆင့် ကူးစက်ဖြစ်ပွားတာ များတယ်လို့ ဒေသခံဆရာဝန်တဦးက ပြောပါတယ်။ အဖျားဝင်ပြီး ဦးဏှောက်ဆီကို ဗိုင်းရပ်စ်ပိုးများရောက ဦးဏှောက်အမြှေပါးရောင်လို့ ဦးဏှောက်အရည်ဖိအားများလာပြီး မူးဝေအော့အန်၊ သွေးပေါင်ချိန် ရုတ်တရက်ကျတာတွေ ဖြစ်လာတတ်တယ်လို့ အဲဒီဆရာဝန်က ရှင်းပြပါတယ်။ အဲဒီနောက် ဇက်တွေ ဂုတ်တွေတောင့်လာပြီး ရင်ဘတ်နဲ့မေး ထိမရအောင် တောင့်တောင့်ကြီးဖြစ်သွားတယ်လို့လည်း ပြောပါတယ်၊ ဒီလို ရောဂါလက္ခဏာတွေပေါ်လာခဲ့ရင် လူနာကို ဆေးရုံအမြန်ပို့ဖို့ပါလို့ တိုက်တွန်းပါတယ်။

"အခုလိုနွေဦးပေါက်တဲ့အချိန် ဖုန်ထပ်တဲ့အချိန်ပေါ့။ ဘယ်လိုမျိုးကာကွယ်သင့်လဲဆိုတော့ ခလေးတွေကို ဖုန်ထဲမှာ မထားသင့်ဘူးပေါ့၊ လူထူတဲ့အရပ် ဥပမာ၊ ပွဲခင်းတွေ ပေးမသွားသင့်ဘူးပေါ့။ တကိုယ်ရေသန့်ရှင်းမှုတွေ ဂရုစိုက်ပေးရမှာပေါ့။"

ဦးနှောက်အမြှေရောင်ဟာ အပြင်းဖျားနဲ့ အဆုပ်ရောင်ရောဂါတို့ ဖြစ်ပွားချိန်တို့မှာ ဖြစ်ပွားတတ်ပြီး ဗိုင်းရပ်ပိုးနဲ့ဘက်တီးရီးယားကြောင့်လည်း ဖြစ်တတ်တယ်လို့ဆရာဝန်တွေက ပြောပါတယ်။

---

# နာဂစ်ဘေးသင့် သစ်များ ပန်းပုရုပ်ဖြစ်

**DVB ၊ မတ်လ ၄ ။။** နာဂစ်ဆိုင်ကလုန်းကြောင့် ပြိုလဲခဲ့ရတဲ့ သစ်ပင် တွေနဲ့ ထုလုပ်ထားတဲ့ ပန်းပုရုပ် ၇၀၀ ကျော်ကို အရောင်းပွဲတော်ကျင်းပပြီး ရောင်းချပါတော့မယ်။

ဒီလအတွင်း ရန်ကုန်က တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ဆရာစံပလာဇာမှာ တလကြာ ခင်းကျင်းပြသရောင်းချမယ့် 'မုန်တိုင်းလွန် မြန်မာ့အနုပညာနဲ့ပန်းပုအရောင်းပွဲတော်' မှာ ရန်ကုန်မြို့မှာ ပြိုလဲခဲ့တဲ့ ကုက္ကိုပင်တွေ အများစုပါဝင်ပြီး တချို့အပင်တွေက သက်တမ်းနှစ် ၁၀၀ ကျော်တယ်လို့ ကျင်းပရေးတာဝန်ရှိသူတဦးက ပြောပါတယ်။ ရန်ကုန်၊ မန္တလေးနဲ့ ပဲခူးတိုင်း ဒါးပိန်က ဝါရင့် ပန်းပုဆရာ ၃၀၀ ရဲ့ လက်ရာတွေထဲက ထက်ဝက်လောက်က လက်ရာကောင်းပြီး တန်ဖိုးဖြတ်မရနိုင်တာတွေမို့ လေလံစနစ်နဲ့ရောင်းမယ်လို့ ဆိုပါတယ်။

လက်ရာနဲ့ သစ်တုံးအရွယ်အစားပေါ်မူတည်ပြီး ကြမ်းခင်းဈေး ဒေါ်လာသောင်းချီသတ်မှတ်ထားတယ် လို့ ပြောပါတယ်။ လေလံတင်တဲ့ထဲ မပါတဲ့ အခြားပန်းပုရုပ်တွေကတော့ ကျပ်သောင်းဂဏန်းကနေ သိန်းဂဏန်းထိရှိပြီး တရုတ်အန်းကုံးရုပ်က ကျပ် ၅ သိန်းကျော်တယ်လို့ ဆိုပါတယ်။ ပြပွဲကိုလာကြည့်ဖို့ ပြည်ပအဖွဲ့အစည်းတွေ၊ သံရုံးတွေ၊ ဟိုတယ်လုပ်ငန်းရှင်တွေ ကို ဖိတ်ထားတယ်လို့ပြောပါတယ်။ ဒီပြပွဲမှာ ပန်းပုပြိုင်ပွဲလည်း ပါဝင်ပြီး ရောင်းရငွေတွေကို မုန်တိုင်းဘေးသင့်သူတွေနဲ့ တခြားလူမှုရေး တွေအတွက် လှူဒါန်းမယ်လို့ ပွဲတော်ကျင်းပရေးတာဝန်ရှိသူတဦးက ပြောပါတယ်။

# အမျိုးသားသင်္ကေတများ သတ်မှတ်

**DVB ၊ မတ်လ ၄ ။ ။** နအဖစစ်အုပ်စုက အမျိုးသား ပန်း ငှက် တိရစ္ဆာန်နဲ့သစ်ပင်တို့ကို သတ်မှတ်လိုက်တယ်လို့ ဖေဖော်ဝါရီ ၂၆ ရက်ထုတ် Upper Myanmar ဂျာနယ်မှာ ဖော်ပြပါ တယ်။

စစ်အုပ်စုက သဇင်၊ အင်ကြင်း နဲ့ ပိတောက်ပန်းတို့ကို အမျိုးသားပန်း၊ ကဒေါင်းကို အမျိုးသားငှက်၊ ဆင်ဖြူတော်ကို အမျိုးသားတိရစ္ဆာန်၊ ကျွန်းကို အမျိုးသားသစ်ပင်အဖြစ် သတ်မှတ်လိုက်တယ်လို့ဆိုပါတယ်။ အမျိုးသားရေးနဲ့ဆိုင်တဲ့ သင်္ကေတသတ်မှတ်ချက်တွေကို လွန်ခဲ့တဲ့ ဒီဇင်ဘာ ၁၁ ရက် စစ်အုပ်စု အစည်းအဝေးအမှတ် ၄၂/၂၀၀၈ အရ သတ်မှတ်တာလို့ဆိုပါတယ်။ စစ်အုပ်စု အဖွဲ့တခုရဲ့ အစည်းအဝေးဆုံးဖြတ်ချက်လို့ဆိုပေမယ့် အများပြည်သူကို တရားဝင် မကြေညာတဲ့ လုပ်ရပ်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီပြောရေး ဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက ဝေဖန်ပါတယ်။

"သူတို့ လက်ရှိ ဘယ်လိုလုပ်လဲဆိုတာတော့ ကျနော်လည်းမသိဘူးလေ၊ ဒါပေမယ့် အဲ့ဒါဟာ ရှိသင့်တဲ့လုပ်ငန်းရှိသင့်တဲ့ လုပ်ထုံးလုပ်နည်းလို့ ယူဆပါတယ်။"

အမျိုးသားသင်္ကေတတွေကို စစ်အုပ်စုက သူ့သဘောနဲ့သူ သတ်မှတ်လိုက်တဲ့အတွက် တိုင်းရင်းသားလူမျိုးတွေနဲ့ အငြင်းပွားဖွယ်ရှိတယ်လို့ လည်း ဦးဉာဏ်ဝင်းက ပြောပါတယ်။

"တိုင်းရင်းသားလူမျိုးစုတိုင်းမှာ သူတို့ရဲ့ဒဏ္ဍာရီ သူတို့ရဲ့ယုံကြည်မှု အဲဒါတွေရှိတယ်၊ အဲဒါနဲ့ ကျနော်တို့ အခုပြောတဲ့ဟာနဲ့ ယဉ်ကျေးမှုချင်း clash (ပဋိပက္ခ) ဖြစ်တာမျိုးဖြစ်ပေါ်နိုင်တာပေါ့။ ကြိုတင်ပြီးတော့ ဒါတွေ ညှိနှိုင်းထားမယ်ဆိုရင်တော့ ဒီလို ထိပ်တိုက်တွေ့တာတို့ထိပ်တိုက်ပြဿနာရှိတာတွေ ရှောင်ရှားနိုင်တာပေါ့။ ဒီလောက်အရေးပါတဲ့ သတ်မှတ်ချက်ကို သာမန်ပြည်သူလူထုတွေ ဘယ်သူမှ မသိလိုက်ရဘူး"။

"ဘယ်သူက သတ်မှတ်တာလဲ၊ ဘယ်လိုပုဂ္ဂိုလ်မျိုးတွေက ရွေးချယ်ပြီးတော့ သတ်မှတ်တာလဲ။ အခုဟာ ဘယ်သူမှမသိလိုက်ဘဲနဲ့ အမျိုးသားပန်း၊ အမျိုးသားတိရစ္ဆာန် အဲဒီလိုမျိုးလုပ်တယ်ဆိုတာကတော့ စိတ်ဝင်စားစရာမရှိပါဘူး။"

မန္တလေးမြို့က ဝါရင့်စာရေးဆရာတဦးက အမျိုးသားသင်္ကေတတွေ သတ်မှတ်လိုက်တာဟာ မရှိတာထက်တော့ ပိုကောင်းတယ်လို့ ဆိုပါတယ်။ မြန်မာဘုရင်တွေလက်ထက်ကလည်း ကဒေါင်းသင်္ကေတ နိုင်ငံတော်အလံမှာ ပါရှိတာမို့ ပြဿနာမရှိနိုင်ဘူးလို့ ပြောပါတယ်။

---

### မျက်နှာဖုံးမှ

"အီးမေးလ်သုံးတယ်ဆိုတာနဲ့ကို အများပြည်သူငြိမ်သက်နေတာကို Peace ငြိမ်းချမ်းနေတာကို ဟာမိုနီ (Harmony စိတ်သဘောထားညီညွတ်) ဖြစ်နေတာကို နှောင့်ယှက်တယ်ဆိုပြီးတော့ အီလက်ထရောနစ်ဥပဒေနဲ့အတင်း ဥပဒေကိုဆွဲဆန့်ပြီးတော့ အပြစ်ပေးနေတာ ကျနော်တို့တွေ့နေရတယ်၊ တကယ်တမ်းကျတော့ ဒီဥပဒေမှာ Criminal Intention (ရာဇဝတ်မှုကျူးလွန်ရန် ရည်ရွယ်ချက်) မရှိရင် ပြစ်မှုမမြောက်ဘူး။ သို့သော် ဒါတွေ အခု ပြောနေလို့လည်း မရဘူး၊ ဒီလိုဆက်သွယ်တာနဲ့ ဒါဟာ အများပြည်သူအတွက်လှုံ့ဆော်တာ၊ တရားမဝင်ပဲနဲ့သုံးတာ။ တရားဝင်တယ် မဝင်တယ်ဆိုတာနဲ့ပတ်သက်ရင် အီးမေးလ်တပ်ဆင်ထားရင် ဒါ တရားဝင်တာပဲ၊ သို့သော် ဒီလိုဆက်သွယ်ရင် တရားမဝင်ဘူးလို့ ဒီလိုအယူအဆနဲ့ ဒီလို အပြစ်ပေးနေတဲ့အခါမှာ အိုင်တီနည်းပညာ ဘယ်လောက်ပဲ တိုးတက်တိုးတက် အဲ့ဒီ တိုးတက်တာ ဗမာပြည်နဲ့မဆိုင်သလို ဖြစ်နေပါတယ်။"

အဖွဲ့ချုပ်က ထုတ်ဝေခဲ့ဖူးတဲ့ ပါတီစာစောင်ကို ပြန်လည်ထုတ်ဝေခွင့်ပေးဖို့ပြန်ကြားရေးဝန်ကြီးဌာနကို တင်ပြထားပေမယ့် ၁၀ နှစ်နီးပါးကြာတဲ့အထိ ခွင့်မပြုသေးဘူးလို့လည်း ပြောပါတယ်။

# နိုင်ငံခြားသားများ ဆိုက်ရောက်ဗီဇာပေး

**DVB ၊ မတ်လ ၃ ။** ။ တရုတ်–မြန်မာနယ်စပ် မြစ်ကြီးနားမြို့လေဆိပ်မှာ ကမ္ဘာလှည့်ခရီးသွားတွေကို ဆိုက်ရောက်ဗီဇာပေးတော့မယ်လို့ တရုတ်ပြည် China Economic Review က သတင်း ထုတ်ပြန်ပါတယ်။

တရုတ်ပြည် ယူနန်ပြည်နယ်တောင်ပိုင်း ထိန်ချုန်းမြို့ကနေ မြစ်ကြီးနားလေဆိပ်ကို စင်းလုံးငှားလေယာဉ်နဲ့ ဝင်ရောက်ခွင့်ပြုမှာဖြစ်ပြီး မြန်မာတပြည်လုံးကို သွားရောက်ခွင့်ပြုမှာလို့ ဆိုပါတယ်။ ဆိုက်ရောက်ဗီဇာခွင့်ပြုလိုက်တဲ့အတွက် ယူနန်ပြည်နယ်ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ရုံးမှာ ဗီဇာသွားလျှောက်ရတဲ့ အခက်အခဲကို ကျော်လွှားနိုင်မယ်လို့ဆိုပါတယ်။ ထိန်ချုန်းလမ်းကြောင်းကနေ မြန်မာပြည်ထဲ ဝင်ရောက်သူတွေဟာ လာရာလမ်းကြောင်းအတိုင်း ပြန်ထွက်ရမယ်လို့ ဆိုပါတယ်။

ဒီသတင်းနဲ့ ပတ်သက်လို့ လူဝင်မှုကြီး ကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင် ဦးစီးဌာနကို ဆက်သွယ်မေးမြန်းရာမှာ ဝန်ထမ်းတဦးက မြစ်ကြီးနားလေဆိပ်မှာ ဆိုက်ရောက်ဗီဇာပေးမယ့် အစီအစဉ် မရှိသေးကြောင်း၊ လက်ရှိမှာ ဝန်ကြီးခွင့်ပြုချက်နဲ့ကြိုတင်စီစဉ်တဲ့ ဆိုက်ရောက်ဗီဇာမျိုးသာရှိပြီး တလကျော်ကြိုတင်စီစဉ်ရကြောင်းရှင်းပြပါတယ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်သွားမှုဦးစီးဌာနကို ဆက်သွယ်မေးမြန်းရာမှာ အထက်ကိုမေးမြန်းကြည့်ပါဦးမယ်လို့ ပြောပါတယ်။ လက်ရှိ တရုတ်ပြည်ကနေ မြန်မာပြည်ကိုဝင်ရောက်ဖို့ သက်ဆိုင်ရာ ပြည်ပနိုင်ငံများရှိ မြန်မာသံရုံးတွေမှာ မြန်မာပြည်ဝင်ခွင့်ဗီဇာ လျှောက်ထားရပါတယ်။

တခြားနိုင်ငံတွေမှာလို ရန်ကုန်လေဆိပ်ရောက်မှ ဆိုက်ရောက်ဗီဇာလျှောက်တာမျိုး လုပ်လို့မရပါဘူး။ ခရီးသွားကုမ္ပဏီတွေရဲ့ အစီအစဉ်နဲ့ တရုတ်၊ ထိုင်းခရီးသည်တွေအတွက် ဆိုက်ရောက်ဗီဇာ စီစဉ်တာတွေ ရှိနေတယ်ဆိုပေမယ့် သက်ဆိုင်ရာဝန်ကြီးတွေရဲ့ ခွင့်ပြုချက်နဲ့ ကြိုတင်စီစဉ်ရတာပါ။ နိုင်ငံခြားသားတွေကို တိုးရစ်ဗီဇာ၊ အလည်အပတ်ဗီဇာအတွက် မြန်မာပြည်တွင်း ၂၈ ရက် နေ ထိုင်ခွင့်ပြုပြီး သက်တမ်းထပ်တိုးရင် ၁၄ ရက် ခွင့်ပြုဖို့ သတ် မှတ်ထားပါတယ်။

---

# နာဂစ်ကူညီရေးသုံးပွင့်ဆိုင်အဖွဲ့ ကို ၂၀၁၀ အထိ ခွင့်ပြု

**DVB ၊ ဖေဖော်ဝါရီ ၄ ။** ။ နာဂစ်ကယ်ဆယ်ရေးသုံးပွင့်ဆိုင်အဖွဲ့ တီစီဂျီကို ၂၀၁၀ ဇူလိုင်အထိ ဆောင်ရွက်ခွင့်ပေးဖို့ နအဖစစ်အုပ်စုနဲ့ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးတွေက သဘောတူလိုက်တယ်လို့ တီစီဂျီကသတင်းထုတ်ပြန်ပါတယ်။

ပြီးခဲ့တဲ့သီတင်းပတ်တုန်းက ထိုင်းနိုင်ငံ ဟွာဟင်မှာကျင်းပခဲ့တဲ့ အာဆီယံ အရှေ့တောင် အာရှနိုင်ငံများအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးမှာ မြန်မာနအဖစစ်အုပ်စုကိုယ်စားလှယ်က သဘောတူလိုက်တာပါ။ ဒါဟာ သုံးပွင့်ဆိုင်အဖွဲ့ရဲ့ လုပ်ဆောင်မှုတွေအပေါ် အာဆီယံခေါင်းဆောင်ပိုင်းက အားထားယုံကြည်တဲ့ သင်္ကေတပဲလို့ ဝန်ထမ်းလေ့ကျင့်ရေးအရာရှိဥက္ကဋ္ဌတဖြစ်လဲ နအဖလက်ထောက်နိုင်ငံခြားရေးဝန်ကြီး သုံးပွင့်ဆိုင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက ပြောပါတယ်။ နအဖစစ်အုပ်စုကလည်း သုံးပွင့်ဆိုင်အဖွဲ့ရဲ့စွမ်းရည်အပေါ် အားရကျေနပ်မှု ရှိတဲ့သဘောပဲလို့လည်း ဦးကျော်သူက ပြောပါတယ်။

သုံးပွင့်ဆိုင်အဖွဲ့ဝင်တဦးဖြစ်တဲ့ မြန်မာနိုင်ငံဆိုင်ရာထိုင်းသံအမတ်က “ကျနော်တို့ကို အချိန်တိုးပေးဖို့လိုတယ်။ ဒါမှသာ နိုင်ငံတကာအကူအညီတွေ တကယ်လိုအပ်နေတဲ့ ဒုက္ခသည်တွေဆီ ရောက်မရောက် အသေအချာ စိစစ်နိုင်မယ်”လို့ ပြောပါတယ်။ နအဖ၊ အာဆီယံနဲ့ ကုလသမဂ္ဂဌာနေ ကိုယ်စားလှယ်တို့ပါဝင်တဲ့ နာဂစ်ကူညီရေး သုံးပွင့် ဆိုင်အဖွဲ့ကို ၂၀၀၈ မေ နာဂစ်မုန်တိုင်းအပြီး အဲဒီလ ၃၀ ရက်မှာ စတင်ဖွဲ့စည်းတာပါ။

နာဂစ်ဒေသ ပြန်လည်တည်ဆောက်ရေး နောက် ၃ နှစ်အတွက် အမေရိကန်ဒေါ်လာ သန်း ၆၉၀ ကူညီဖို့ နိုင်ငံတကာအလှူရှင်တွေဆီ တောင်းဆိုထားပြီး သန်း ၃၀၀ ခန့်ကို ဒုက္ခသည်တွေဆီ လှူဒါန်းပြီးပြီလို့ ဆိုပါတယ်။ နာဂစ်မုန်တိုင်းဘေးအများဆုံးသင့်ခဲ့တဲ့ မြစ်ဝကျွန်းပေါ် လပွတ္တာဒေသခံတွေကတော့ သူတို့ဒေသမှာ အခုလောလောဆယ် သောက်ရေ အရေးပေါ်လိုနေတယ်လို့ ဒီဗွီဘီကို မကြာသေးမီက ပြောထားပါတယ်။

---

# ထောင်ချခံထားရသူကို ဝတ္တရားနှောင့်ယှက်မှုဖြင့်ထပ်မံစွဲချက်တင်

**DVB ၊ မတ်လ ၄ ။** ။ ထောင်ဒဏ်ချမှတ်ခံထားရပြီးသား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်က ဦးတင်ယုအပါအဝင် ဆယ်ဦးကို မနေ့က အင်းစိန်ထောင်တွင်းတရားရုံးမှာ ဝတ္တရားနှောင့်ယှက်မှုနဲ့ထပ်မံရုံးထုတ်တယ်လို့ ဦးတင်ယုရဲ့သမီး မသင်းသင်းယုက ပြောပါတယ်။

မနေ့က အင်းစိန်ခရိုင်ထောင်တွင်းတရားရုံး ရုံးထုတ်ချိန်မှာလည်း ခုံတွေနဲ့ကာပိတ်ထားပြီး အပေါက်ဝမှာ ရဲတွေပိတ်ဆို့နေတဲ့အတွက် မိသားစုဝင်တွေ သေသေချာချာနားထောင်လို့ မရဘူးဆိုတဲ့အကြောင်းကိုလည်း မသင်းသင်းယုက ပြောပါတယ်။

“ဝတ္တရားနှောင့်ယှက်မှုတဲ့ ၃၅၃ ပုဒ်မ တပ်ထား တယ်။ အခုလည်း ၁၀ ရက်မကျော်ဘူး အမိန့်ချမှာ။ မနက်ဖြန်ရုံးချိန်းရှိတယ်။ မိသားစုတွေဒုက္ခဖြစ်နေတယ်ဆိုမှ အရင်းမရှိလို့ ဈေးထွက်ရတော့ အရမ်းကို ငိုချင်နေတယ်”။

အခုရင်ဆိုင်ရတဲ့ ပုဒ်မ ၃၅၃ ဆိုတာ ဦးတင်ယုတို့ကို ဟိုအရင်အမိန့် မချခင်တုန်းက ဖြစ်ပျက်ခဲ့တဲ့အမှုတခုအပေါ် ထပ်မံစွဲဆိုခဲ့တဲ့ပုဒ်မဖြစ်ပါတယ်၊ အမိန့်မချခင်အချိန်မှာ ခြေကျင်းမခတ်ဖို့ အင်းစိန်ထောင်အာဏာပိုင်က ခွင့်ပြုပေမယ့် လှိုင်သာယာရဲက ခတ်ရမယ်ဆိုပြီး အတင်းအဓမ္မခြေကျင်းခတ်ပြီး ကားပေါ်ပစ်တင်တဲ့အပေါ် ဦးတင်ယုတို့က “လူ့အခွင့်အရေးရရှိရေး ဒို့အရေးလို့” အော်ဟစ်ကြွေးကြော်ခဲ့ကြပါတယ်။

အဲဒီအပေါ်မှာ လှိုင်သာယာရဲက ဝတ္တရားနှောင့်ယှက်တယ်ဆိုပြီး ထပ်မံတရားစွဲခဲ့တာပါ။ ထောင် ခုနစ်နှစ်ခွဲကျနေတဲ့ ဖခင်ဦးတင်ယုနဲ့ သထုံထောင်မှာကျနေတဲ့ အကို ကိုသန့်ဇင်ဦးတို့ကို ပုံမှန်ထောင်ဝင်စာ တွေ့နေရတဲ့အပြင် ထောင်တွင်းမှာ ကျန်းမာရေးချူချာတဲ့အပေါ် ထောက်ပံ့နေရတာကြောင့် ဘဝရပ်တည်ရေးအတွက် ခက်ခဲနေတယ်လို့ မသင်းသင်းယုက ပြောပါတယ်။

---

# ဦးအောင်သောင်း၏ လူရင်းဖြစ်၍ အလွဲသုံးစားအရေးမယူ

**DVB ၊ မတ်လ ၁ ။** ။မန္တလေးတိုင်း မြင်းခြံမြို့နယ်က ဝင်းသူဇာအရောင်းဆိုင်မန်နေဂျာ ဦးအောင်ဝင်း ကျပ်သိန်း ၇၀၀ ကျော် အလွဲသုံးတာကို စစ်ဆေးပေါ်ပေါက်ပါလျက် အာဏာပိုင်တွေက အရေးမယူဘူးလို့ အစစ်ဆေးခံရတဲ့ ဝင်းသူဇာဆိုင်က ဝန်ထမ်းတွေက ပြောပါတယ်။

နေပြည်တော်ကနေ လာရောက်တဲ့ စုံစမ်းစစ်ဆေးတဲ့အဖွဲ့က အမှတ် ၁ စက်မှုဝန်ကြီးဌာနလက်အောက်ခံ ဝင်းသူဇာဆိုင်က အရောင်းမန်နေဂျာ ဦးအောင်ဝင်းအပါအဝင် ဆိုင်ဝန်ထမ်းတွေကို လွန်ခဲ့တဲ့သီတင်းပတ်က စစ်ဆေးရာမှာ ကျပ်သိန်း ၇၀၀ ကျော်ကွာဟတာကို စစ်ဆေးပေါ်ပေါက်တယ်လို့ ဝန်ထမ်းတဦးက ပြောပါတယ်။ မန်နေဂျာ ဦးအောင်ဝင်းဟာ စက်မှု ၁ ဝန်ကြီး ဦးအောင်သောင်းနဲ့ နီးစပ်တာကြောင့် အရေးယူမခံရတာလို့ ဆိုင်ဝန်ထမ်းတချို့ကပြောပါတယ်။

ဒီကိစ္စနဲ့ပတ်သက်လို့ ဝင်းသူဇာအရောင်းဆိုင်ကိုရော၊ အမှတ် ၁ စက်မှုဝန်ကြီးဌာနကိုပါ ဆက်သွယ်မေးမြန်းဖို့ ကြိုးစားပေမယ့် မရသေးပါဘူး။ ဝင်းသူဇာအရောင်းဆိုင်တွေမှာ အမှတ် ၁ စက်မှုဝန်ကြီးဌာနကထုတ်ကုန်တွေကို ရောင်းချပါတယ်။ လွန်ခဲ့တဲ့နှစ်ကုန်ပိုင်းတုန်းကလည်း မြင်းခြံမြို့က မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးအဖွဲ့နဲ့ ဂျစ်ကားထုတ်လုပ်ရေးအဖွဲ့ပိုင် ရန်ပုံငွေ ကျပ်သိန်း ၉၀၀ ကို အလွဲသုံးခဲ့တဲ့ မြို့နယ် ပြည်ခိုင်ဖြိုး(ကြံ့ဖွံ့) အသင်းခေါင်းဆောင် ဦးလှသန်းဟာလည်း ဝန်ကြီးဦးအောင်သောင်းနဲ့နီးစပ်တဲ့အတွက် အရေးယူမခံရဘူးလို့ မြင်းခြံမြို့ခံတွေက ပြောပါတယ်။

# ကြံ့ဖွံ့၏ ဦးဆောင်မှုခံမှ လှူခွင့်ရမယ်ဆိုတာကြောင့် အလှူပျက်သွားရခြင်း

**DVB ၊ မတ်လ ၁ ။။** ဧရာဝတီတိုင်း ဓနုဖြူမြို့က မျက်စိဝေဒနာရှင်တွေ ကို အခမဲ့ခွဲစိတ်ပေးနေတဲ့ မြို့ခံတွေရဲ့ နှစ်စဉ်ကျင်းပနေကျ အလှူကို ကြံ့ခိုင်ဖွံ့ဖြိုး ရေးက ဦးဆောင်မှုခံမှ လှူခွင့်ရမယ်ဆိုတာကြောင့် အလှူပျက်သွားရပြီး မျက်စိ ဝေဒနာရှင်တွေ အတော်ဆုံးရှုံးနစ်နာရတယ်လို့ ဓနုဖြူမြို့က မျက်စိဝေဒနာရှင် တွေက ပြောပါတယ်။

၂၀၀၆ ကစပြီး ကျေးရွာပေါင်း ၆၅ ရွာက မျက်စိဝေဒနာရှင် ၁၀၀၀ ကျော်ကို ရန်ကုန်မြို့က မျက်စိဆရာဝန်ကြီးတွေ လာရောက်ကာ အခမဲ့ စမ်းသပ် စစ်ဆေးပြီး နှစ်စဉ် မျက်စိဝေဒနာသည် ၂၀၀ ကျော်ရဲ့ဆေးဝါးစရိတ်ကို ဓနုဖြူ မြို့ခံတွေ စုပေါင်းထည့်ဝင်ငွေနဲ့ ဓနုဖြူပြည်သူ့ဆေးရုံကြီးပေါ်မှာ ခွဲစိပ်ကုသပေးခဲ့တာ ၃ နှစ် ရှိခဲ့ပါပြီ။ ဒီနှစ် ၂၀၀၉ မှာတော့ ပုံမှန်ကျင်းပနေကျ ဖေဖော်ဝါရီလ ၂၈ ရက်မှာ ဆရာဝန်ကြီးတွေ မလာနိုင်တော့တဲ့အတွက် မျက်စိခွဲစိပ်ကုသမှုအလှူ ပျက်သွားရပြီး အမှန်တကယ် မျက်စိဝေဒနာခံစားနေရသူတွေ ထိခိုက်နစ်နာရ ကြောင်း ကင်ပွန်းခြံရွာသား မျက်စိဝေဒနာသည် တဦးက ပြောပါတယ်။

“ဆရာဝန်တွေ ဘာကြောင့်မလာဖြစ်တယ်ဆိုတာ အတိအကျမသိရ ပေမယ့် အပြင်မှာ ပရဟိတကုသတာတွေကို မလုပ်ရတော့ဘူးလို့ ကြားရပါတယ်။ ဒါကြောင့် ကျနော့်လို ဆင်းရဲတဲ့၊ မျက်စိတိမ်စွဲနေတဲ့၊ ရေတိမ်ဖြစ်နေတဲ့လူတွေမှာ ထိခိုက်ပါတယ်။ ရိုးရိုးခွဲမယ်ဆိုရင် အနည်းဆုံး ၆ သောင်း ၇ သောင်းအထက်ကုန် မှာဖြစ်လို့ ကျနော်တို့လို ဆင်းရဲနွမ်းပါးတဲ့လယ်သမားတွေဟာ အကန်းခံရမလို ဖြစ်နေပါတယ်။ ကျနော်တို့လိုပဲ ဆင်းရဲချို့တဲ့ မျက်စိဝေဒနာရှင်တွေ အများအပြား ရှိနေကြောင်း သက်ဆိုင်ရာလည်းသိအောင် ကျနော်တင်ပြခြင်းဖြစ်ပါတယ်။”

ရန်ကုန်မြို့က မျက်စိခွဲစိပ်ဆရာဝန်ကြီးတွေ နှစ်စဉ် အခမဲ့ ခွဲစိပ်ပေးနေရာ က ဒီနှစ် မလာနိုင်တဲ့ အခြေအနေမှန်ကိုသိရဖို့ ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံ ကိုဆက်သွယ်ပေမယ့် ဘာမှမသိရပါဘူး။ ဓနုဖြူမြို့အပါအဝင် ဧရာဝ တီတိုင်းတွင်း အစိုးရနဲ့ပတ်သက်တဲ့ ဆေးရုံ၊ ကျောင်းတွေမှာ လူစုလူဝေးနဲ့ပြုလုပ်တဲ့ လူမှု လုပ် ရှားမှုမှန်သမျှ ဧရာဝတီတိုင်း ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းရဲ့ ဦးဆောင်မှုခေါင်းစဉ်နဲ့ပြု လုပ်မှခွင့်ပြုရမယ်လို့ နေပြည်တော်က ညွှန်ကြားထားတယ်လို့ ဓနုဖြူဆေးရုံက အမည်မဖော်လိုတဲ့ ဆရာဝန်တဦးက ပြောပါတယ်။ ဒါကြောင့် ဒီနှစ်မှာ ရန်ကုန်က မျက်စိအထူးကုဆရာဝန်တွေလည်း လာစရာမလိုတော့သလို ဓနုဖြူဆေးရုံကို လည်း သုံးခွင့်မပြုခဲ့တာဖြစ်တယ်လို့ဆိုပါတယ်၊ ပဲခူးမြို့ပါဠိတက္ကသိုလ်ဆရာတော် ရဲ့ ဒကာရင်းအလှူရှင် ၂ ဦးရဲ့ သိန်း ၅၀၀ ကျပ်တန် မျက်စိခွဲစိပ်အလှူကို ၂၀၀၈ စက်တင်ဘာမှာ လှူဒါန်းပြုလုပ်ခဲ့ရာမှာလည်း ပဲခူးမြို့ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း အမည်ခံလှူဒါန်းခဲ့ရပါတယ်။ ဒီအကြောင်းကို သေသေချာချာသိတဲ့ ပဲခူးမြို့ခံကျန်း မာရေးဝန်ထမ်းတဦးက ပြောပါတယ်။

“ပဲခူးက ပါဠိဗိမ္မာန်ဆရာတော်ကြီးရဲ့လက်ထောက် လင်မယားနှစ် ယောက်က သားသမီးမရှိကြဘူး။ ဆရာတော်ကြီးကိုမှီပြီး၊ ဆရာတော်ကြီးကို ကြည်ညိုပြီး သူတို့နှစ်ယောက်ရှာဖွေလို့ရတဲ့အထဲက သိန်း ၅၀၀ ဖိုးကို လှူတယ်။ ဒါပေမယ့် အဲဒီလှူနာတွေရဲ့ မှတ်တမ်းစာရွက်တွေကို ကြည့်တော့မှ သူတို့ရဲ့ မှတ်တမ်းစာရွက်ထိပ်မှာ ကြံ့ဖွံ့ရဲ့ ဦးဆောင်မှုဆိုတာကို ထည့်ရိုက်ထားတာတွေ့ တယ်။ အလှူရှင်ရဲ့နာမည်က နောက်မှာပဲ။ သူတို့ရဲ့နာမည်ထက် ထင်ပေါ်အောင် လုပ်ပေးမထားဘူး။ အလှူရှင်ကတော့ သူတို့လင်မယားနှစ်ယောက်ပဲ။”

အာဏာပိုင်တွေက လူစုလူဝေးနဲ့ အုတ်အော်သောင်းတင်းလုပ်တာမျိုး အလုပ်မခံတဲ့အတွက် ကြံ့ခိုင်ဖွံ့ဖြိုးရေးမှ ကမကထပြုပြီးနှင့် အလှူအတန်းကို လူစုလူဝေးလိုက် ပြုလုပ်နိုင်တာကြောင့် အလှူရှင်တွေမှာ ကြံ့ခိုင်ဖွံ့ဖြိုးရေးနှင့် မီးသတ်တို့အလိုကျလိုက်လျှောနေရတာဖြစ်တယ်လို့လည်း အဲဒီဝန်ထမ်းကပြော ပါတယ်။ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းအနေနဲ့ လူထုထောက်ခံမှုရဖို့ စေတနာရှင်တွေ လှူဒါန်းတဲ့ မျက်စိခွဲစိပ်မှု၊ ကျောင်းဆောက်လုပ်လှူဒါန်းမှုစတဲ့ လူမှုအကျိုးပြုသာရေး နာရေးမှာ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း အမည်ခံပြီး စည်းရုံးရေးတွေလုပ်ဆောင်နေတာ ဟာ ၂၀၀၈ အခြေခံဥပဒေအတည်ပြုမဲပေးပွဲမတိုင်ခင်က စတင် ခဲ့တာဖြစ်ပါတယ်။

---

# အဖွဲ့ချုပ်လူငယ်ဖော်ဆောင်ရေး စတင်

**DVB ၊ မတ်လ ၁ ။ ။** တိုင်းနဲ့ပြည်နယ်တွေမှာ အမျိုးသားဒီမိုကရေစီအ ဖွဲ့ချုပ်လူငယ်ဖော်ဆောင်ရေးကို ဗဟိုက ချမှတ်ထားတဲ့အတိုင်း အမြန်ဆုံးအ ကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် စတင်ကြိုးပမ်းနေပြီလို့ တနင်္သာရီ တိုင်း ထားဝယ်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဘစိန်က ပြော ကြားလိုက်ပါတယ်။

လစဉ် ပထမပတ် တနင်္ဂနွေနေ့တိုင်း ပုံမှန်ပြုလုပ်နေကျ တနင်္သာရီတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစည်းအဝေးကနေ အခုလိုပြောကြားလိုက်တာ ဖြစ်ပါတယ်။ ဒီနေ့ အစည်းအဝေးကို တနင်္သာရီတိုင်းတွင်းက သဲချောင်း၊ ထားဝယ်၊ လောင်းလုံနဲ့ ရေဖြူစတဲ့ မြို့နယ်လေးခုက စုစုပေါင်း ကိုယ်စားလှယ် ၁၂ ဦး တက် ရောက်ပြီး ထားဝယ်မြို့နယ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဘစိန်နေအိမ်မှာ ကျင်းပတာဖြစ်ပါ တယ်။ ဒီနေ့ချမှတ်တဲ့ အစည်းဆုံးဖြတ်ချက် ၃ ခုကို ဦးဘစိန်က ပြောပါတယ်။

“ဆုံးဖြတ်ချက် ၁၊ အန်အယ်လ်ဒီဗဟိုဌာနချုပ်ရဲ့ အထူးကြေညာချက် အမှတ် ၁၊ ၂၊ ၃၊ ၄ ကို ကြိုဆိုထောက်ခံကြောင်း ဆုံးဖြတ်ကြပါတယ်။

ဆုံးဖြတ်ချက် ၂၊ မြို့နယ်လူငယ် လူငယ်အဖွဲ့ အမြန်ဆုံး ဖွဲ့စည်းနိုင်အောင် ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

ဆုံးဖြတ်ချက် ၃၊ အန်အယ်လ်ဒီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ လမ်းညွှန်ချက်အတိုင်း လိုက်ပါဆောင်ရွက်ရန် ဆုံးဖြတ်ပါတယ်။” တနင်္သာရီတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ လူငယ်အဖွဲ့ အဆင်သင့်ဖွဲ့စည်းပြီး မရှိ တာကြောင့် အဖွဲ့ချုပ်ဗဟိုကနေ ညွှန်ကြားချက်ပို့လာတဲ့အတွက် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ရမှာဖြစ်တယ်လို့ ဦးဘစိန် က ပြောပြပါတယ်။

“ကျနော်တို့ လူငယ်တွေကို စည်းရုံးပြီး လူငယ်အဖွဲ့ကို ပီပီပြင်ပြင် ဖွဲ့စည်း နိုင်အောင် ဆက်လက်ပြီး ဆောင်ရွက်ကြမှာပါ။” မိတ္ထီလာခရိုင် ဝမ်းတွင်း၊ သာစည်၊ မိတ္ထီလာ၊ ရမည်းသင်း လေးမြို့နယ် အစည်းအဝေးကိုလည်း မိတ္ထီလာခရိုင် အဖွဲ့ ချုပ်ရုံးမှာ ဒီနေ့ ကျင်းပတယ်လို့ သိရပါတယ်။

---

### သတင်းပြက္ခဒိန်မှ

လည်သုံးသပ်ဖို့လိုကြောင်း ပြောဆိုလိုက်ပါတယ်။ ဒါပေမယ့် စီးပွားရေးပိတ်ဆို့မှု တွေ သံတမန်ရေးအရ အရေးယူထားမှုတွေကိုတော့ မယ်ဖျက်လိမ့်မှာမဟုတ်ဘူး လို့ဆိုပါတယ်။ သေချာတဲ့တချက်က ဒီလိုပိတ်ဆို့မှုတွေဟာ နအဖစစ်ဗိုလ်ချုပ်တွေ ကို ဘယ်လိုမှအပြောင်းအလဲမဖြစ်စေခဲ့ဘူးဆိုတာပါပဲ။ ဒါပေမယ့် အိမ်နီးချင်းနိုင် ငံများနဲ့ လက်လှမ်းမှီသလောက်ပူးပေါင်းပြီး စေ့စပ်ညှိနှိုင်းကြိုးစားသွားမယ်ဆိုတဲ့ အကြောင်း ပြောဆိုပါတယ်။

သမတ George Bush အစိုးရလက်ထက်မှာ မြန်မာ့အရေးကိစ္စကို အထူး အလေးပေးကြိုးပမ်းလုပ်ဆောင်ခဲ့တာတွေ အများကြီးရှိခဲ့ပါတယ်။ ဒါပေမယ့် ပြည်သူ လူထုအပေါ် ဖိနှိပ်သတ်ဖြတ်အုပ်ချုပ်နေတဲ့ ဗိုလ်ချုပ်တွေကိုတော့ သူတို့ရဲ့လုပ်ရပ် လျှော့ပါးသွားအောင် ရပ်တန့်သွားအောင် မစွမ်းဆောင်နိုင်ခဲ့ပါဘူး။ အခု သမတ သစ် Barack Obama လက်ထက်ရောက်ပါပြီ၊ အမေရိကန်အစိုးရသစ်အနေနဲ့ မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ မူဝါဒတွေကို ပြန်လည်သုံးသပ်သင့်ပါပြီ၊ “အာဏာရှင် တွေ လူထုအပေါ် ဖိနှိပ်ရက်စက်မှုတွေရပ်တန့်က မရပ်ဘူးဆိုရင် အမေရိကန်အစိုးရ အနေနဲ့ အရေးယူရပါလိမ့်မယ်”ဆိုတဲ့ သမတ Mr.Obama ရဲ့ မိန့်ခွန်းအတိုင်း အတိအကျအရေးယူဆောင်ရွက်ရတော့မှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။




# သတင်းတိုထွေရာဖတ်စရာကဏ္ဍ ကျော်စံကြွေး

## မြန်မာစာနယ်ဇင်းသမားများအတွက်

မော်လ်ဒိုက်ဗ်စ်နိုင်ငံသမတက နိုင်ငံတကာမှာရောက်နေတဲ့ မြန်မာစာရေးဆရာတွေ၊ စာနယ်ဇင်းသမားတွေအတွက် သူတို့ရဲ့နိုင်ငံဟာ ဘေးကင်းရာကုန်ရာနေရာအဖြစ်နဲ့ ခိုလှုံလို့ရမယ်ဆိုတဲ့အကြောင်း ကြေညာလိုက်ပါတယ်။ မော်လ်ဒိုက်ဗ်စ်သမတက နိုင်ငံတွင်း မီဒီယာတွေကို အစိုးရကချုပ်ကိုင်ထားတာတွေကို လုံးဝဖယ်ရှားပစ်မယ်ဆိုတဲ့အကြောင်းနဲ့ လူတိုင်းလူတိုင်း မီဒီယာလွတ်လပ်ခွင့်ကို ရယူခံစားနိုင်မယ်ဆိုတာကို ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။

**(MAIDHU, 6.3.2009)**

## နိုင်ငံရေးပါတီဖြစ်လာခါနီးပြီ

နအဖစစ်အာဏာပိုင်များရဲ့လက်ကိုင်တုတ်လို့ မြန်မာပြည်သူပြည်သားအားလုံးလက်ခံအသိအမှတ်ပြုထားတဲ့ ကြံ့ဖွံ့အဖွဲ့ဟာ အခုအခါ နိုင်ငံရေးပါတီတရပ်အနေနဲ့ အသွင်ပြောင်းဖို့ရာ နီးစပ်လာနေပြီလို့ သိရပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲဥပဒေကို စစ်အုပ်စုက ကြေညာလိုက်ပြီဆိုရင် မြန်မာနစ်သစ်ကူးမတိုင်မီ ကြံ့ဖွံ့ဟာ နိုင်ငံရေးပါတီဖြစ်လာနိုင်တယ်လို့ နီးစပ်တဲ့သတင်းရပ်ကွက်တွေက ဆိုပါတယ်။ **(IRRAWADDY, 5.3.2009)**

## မိတ္တာအသစ်များ မတပ်မနေရတပ်ခိုင်း

မော်လမြိုင်မြို့မှာ ပြီးခဲ့တဲ့အပတ်က စတင်ပြီး လျှပ်စစ်မီတာအသစ်တွေ မတပ်မနေရဆိုပြီး မြို့နယ်လျှပ်စစ်က လိုက်လံတပ်ဆင်နေတယ်လို့ သိရပါတယ်။ မီတာအသစ်တစ်လုံးကို သုံးထောင့်ငါးရာနှုန်းနဲ့ မော်လမြိုင်မြို့ခံတွေ မတပ်မနေရ တပ်နေကြရတာပါ။ မလိုအပ်ဘဲ အသစ်လဲနေကြရတဲ့မီတာတွေဟာ စက်မှု ၁ ဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းရဲ့သမီးစက်ရုံက ထုတ်လုပ်တဲ့မီတာတွေဖြစ်တယ် လို့ မြို့ခံတဦးက ပြောပါတယ်။ အခုတပ်ဆင်တဲ့မီတာအသစ်တွေဟာ ယူနစ်တက်တာ ပိုမြန်တာမို့ မီတာခတွေ ပိုပေးကြရမှာကို မြို့ခံတွေစိုးရိမ်နေကြပါတယ်။ တချို့တွေက မီတာအသစ်မလဲချင်ပေမယ့် အတင်းလက်မှတ်ထိုးခိုင်းနေတယ်လို့ မြို့ခံတဦးကပြောပါတယ်။ **(DVB, 2.3.2009)**

## မြန်မာဘက်မှကားများကို ထိုင်းတန့်ကွက်

မြန်မာနိုင်ငံဘက်ခြမ်းက ကားတွေ ထိုင်းနိုင်ငံထဲအထိ ဝင်ဆွဲနေတာကို ကိုင်တွယ်ပေးဖို့ ထိုင်းနိုင်ငံ မဲဆောက်မြို့မှာ ထိုင်းကားသမားတွေ ဆန္ဒပြနေပါတယ်၊ မဲဆောက်မြဝတီချစ်ကြည်ရေး တံတားရှေ့မှာ ဒီနေ့ မနက် ၄ နာရီကစပြီး ထိုင်းလိုင်းကား အစီးတရာကျော်ရပ်နားပြီးဆန္ဒပြနေ ကြတာဖြစ်ပါတယ်။ မြန်မာနိုင်ငံဘက်က ကားတွေဟာ ၂၀၀၄ ခုနှစ်ပိုင်းလောက်ကစပြီး မြန်မာနိုင်ငံ မြဝတီမြို့ကနေ မဲဆောက်မြို့ထဲအထိ ခရီးသည်ပို့ဆောင်တာတွေလုပ်နေတာပါ။ အဲဒီတုန်းက ကားအစီးရေနည်းတဲ့အတွက် ဘာမှပြဿနာ မဖြစ်ခဲ့ပေမယ့် အခု မြန်မာကားအစီးရေ ၁၀၀ ကျော်အထိ တိုးပွားလာတာကြောင့် ထိုင်းကားသမားတွေရဲ့ဝင်ငွေကို ထိပါးလာတဲ့အတွက် ခုလိုဖြစ်လာတာပါ။ **(DVB, 5.3.2009)**

## ထိုင်းဗီဇာကြေး အခမဲ့ကာလ သတ်မှတ်

ထိုင်းနိုင်ငံက ဒီနေ့ကစပြီး ၃ လအတွင်း ပြည်ဝင်ခွင့်ဗီဇာကြေးပေးဖို့ မလိုတော့ဘူးလို့ ကြေညာပါတယ်။ ၂၀၀၉ မတ် ၅ ရက်ကနေ ဇွန် ၄ ရက်အတွင်း ခရီးသွားဧည့်သည်ဗီဇာတကြိမ်ပြည်ဝင်ခ Tourist Visa single entry ကို အခမဲ့ သတ်မှတ်တယ်လို့ ထိုင်းခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့က ထုတ်ပြန်ကြေညာတာပါ။ ရန်ကုန်က ထိုင်းသံရုံးမှာ ဗီဇာလျှောက်ရင် သန်းခေါင်စာရင်းပါ လူနှစ်ဦးရဲ့ အိမ်၊ ကားစတဲ့ ပိုင်ဆိုင်မှုတွေပြရပါတယ်။ တခါတလေ မပေးတာမျိုးတွေ ရှိပါတယ်။ အခုတော့ ဗီဇာကြေးတောင် မယူတော့ဘူးဆိုတော့ ဗီဇာလုပ်ရတာ လွယ်သွားပါလိမ့်မယ်။ **(DVB, 5.3.2009)**

## ချားရဟတ်ပျက် လူ ၂၀ ကျော် သေဆုံး

**NEJ ၊ မတ်လ ၆ ။ ။** နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ကြီး အထက် ဌာပနာပိတ်ပွဲနဲ့ စိန်ဖူးတင်ပွဲများကို မတ်လ ၇ ရက်နဲ့ ၈ ရက်တို့တွင် ကျင်းပမယ် ဖြစ်တဲ့အတွက် ဥပ္ပါတသန္တိစေတီရှေ့ကွင်းပြင်ရှိ ပျော်ပွဲရွှင်ပွဲများ ကျင်းပတဲ့နေရာမှ ချားရဟတ်ကြီးပြုတ်ကျတဲ့အတွက် လူ ၂၀ ကျော် သေဆုံးသွားတယ်လို့ မျက်မြင်သက်သေများက ပြောပါတယ်။

လွန်ခဲ့တဲ့ နှစ်ရက်က အဲဒီချားရဟတ်ပြုတ်ကျခဲ့ခြင်းဖြစ်ပြီး နေပြည်တော် ဝန်းကျင်ရွာများမှ ချားရဟတ်လားစီးသူများ အများဆုံးသေတယ်လို့ စေတီတည်ဆောက်ရေး သတင်းရပ်ကွက်ကပြောသော်လည်း သေဆုံးသူများမှာ ဝန်ထမ်းများ ပါဝင်ခြင်းရှိမရှိ မသိရသေးပေ။

ဥပ္ပါတသန္တိစေတီတော် တည်ဆောက်စဉ်ကာလကလည်း အလုပ်သမား ၁၈ ဦး လုပ်ငန်းခွင်ထိခိုက်ပြီး သေဆုံးခဲ့ပါတယ်။ ဒါကြောင့် နေပြည်တော်ဝန်းကျင်ကျေးရွာများနဲ့ ဝန်ထမ်းများက ဥပ္ပါတသန္တိစေတီတော်ကြီးအား ခိုက်တယ်လို့ ပြောဆိုနေကြပါတယ်။

မတ်လ ၁၀ ရက် တပေါင်းလပြည့်နေ့ ဆွမ်းဆန်စိမ်းလောင်းလှူနဲ့ စာအောင်သံဃာတော်များအား ဘွဲ့လက်မှတ်ဆက်ကပ်ပွဲကို ခါတိုင်း ရန်ကုန်မြို့ ကမ္ဘာအေးမှာ ကျင်းပသော်လည်း အခုနှစ်မှာ ဥပ္ပါတသန္တိစေတီတော်ထီးတင်ပွဲ ကျင်းပမည့် တပေါင်းလပြည့်မှာ ကျင်းပမယ်ဖြစ်ပါတယ်။

ဘွဲ့လက်မှတ်လက်ခံမယ့် တပြည်လုံးက စာအောင်သံဃာတော် အပါး ၇၀၀ မှာ အခုအခါ နေပြည်တော်သို့ ရောက်နေပြီဖြစ်ပါတယ်။ အဲဒီသံဃာတော်များ မြို့တွင်းသံဃာတော်များနဲ့ပေါင်းပြီး ဆူပူမည်ကို စိုးရိမ်တဲ့အတွက် ဧည့်ဝန်ထမ်းများထားတဲ့ အခန်း ၁၀၀၀ ကျော်ပါ အဆောင်တခုတည်းမှာ သံဃာအပါး ၇၀၀ ကို အကျယ်ချုပ်သဘောမျိုး လုံခြုံရေးအပြည့်နဲ့ နေရချထားတဲ့အတွက် သံဃာများ မကျေမနပ်ဖြစ်နေကြတယ်လို့လည်း သိရှိရပါတယ်။ အဲဒီသံဃာအပါး ၇၀၀ ကို ပျဉ်းမနားမြို့တွင်း မြို့ပြင် ဘုန်းကြီးကျောင်းများမှာ တည်းခိုခွင့် သွားလာခွင့်ပိတ်ပင်ထားတယ်လို့လည်း သိရှိရပါတယ်။

# မျိုးဆက်သစ်လူငယ် ၂ ဦးကို ထောင်ချ

**DVB ၊ မတ်လ ၂ ။** ။ အင်းစိန်ထောင်မှာ ဖမ်းထားတဲ့ မျိုးဆက်သစ်လူငယ်များအစည်းအရုံးဝင် ကိုငြိမ်းချမ်းနဲ့ ကိုအောင်ကိုမင်းကို ဖေဖော်ဝါရီ ၂၇ ရက်နေ့က ထောင်ချလိုက်ပါတယ်။

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် တရားရုံးက အမိန့်ချတာဖြစ်ပြီး ကိုငြိမ်းချမ်းကို မတရားအသင်းဖွဲ့စည်းမှု ပုဒ်မ ၆၊ လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေ ၁၇–၁ တို့နဲ့ ထောင် ၈ နှစ် ချတဲ့အပြင် နောက်ထပ် အမှုတခု ထပ်စွဲထားသေးကြောင်း နိုင်ငံရေးအကျဉ်းသား မိသားစုဝင်တဦးကပြောပါတယ်၊ ကိုအောင်ကိုမင်း ကိုတော့ မတရားအသင်းဖွဲ့မှုနဲ့ ၅ နှစ် ချလိုက်တာပါ။ သူတို့၂ ဦးကို မနှစ်အောက်တိုဘာ ၉ ရက်နေ့ မျိုးဆက်သစ်လူငယ်များ အစည်းအရုံးဖွဲ့စည်းခြင်း ၁ နှစ် ပြည့်နှစ်ပတ်လည်အပြီး နောက်တနေ့ ၁၀ ရက်နေ့မှာ စမ်းချောင်းနေအိမ်မှာ လာရောက်ဖမ်းဆီးသွားတာ ဖြစ်ပါတယ်။ သူတို့နှစ်ဦးအပါအဝင် အားလုံး ၁၀ ဦးနီးပါး အာဏာပိုင်တွေက ဖမ်းဆီးခဲ့တာလို့ အဖွဲ့ဝင်ကိုမိုးသွေးက ပြောပါတယ်။

“တနှစ်ပြည့်တဲ့ အထိမ်းအမှတ်နဲ့ ကျနော်တို့ ရန်ကုန်မှာ စာတွေကြဲတယ်၊ ဝေတယ်။ အဲဒီဟာနဲ့ပတ်သက်ပြီးတော့ ဖမ်းလိုက်တာ။ ကိုငြိမ်းချမ်း၊ ကိုအောင်ကိုမင်း၊ ကိုရဲခေါင်တွန့်၊ ကိုအောင်ပိုင်၊ ကိုဇင်မင်းအောင် သူတို့အပါအဝင် ၁၀ ယောက် နီးပါး အဖမ်းခံခဲ့ရတယ်။ သူတို့ကိုဖမ်းပြီး သုံးလေးရက်မှာ ကိုအာကာ (ကိုကျော်သူမျိုးမြင့်) အဖမ်းခံရတယ်။ ၁၀ နှစ် စီရင်ချက်ချလိုက်ပြီ။”

မျိုးဆက်သစ်လူငယ်များအစည်းအရုံးမှ ဟစ်ဟော့ပ်အဆိုတော် ဇေယျာသော်နဲ့ အပေါင်းအပါ ၅ ဦး ကိုလည်း မနှစ် မတ်လက ဖမ်းဆီးပြီး တရားမဝင်အသင်းဖွဲ့စည်းမှုနဲ့ ထောင် ၅ နှစ် ချလိုက်ပါတယ်။ ကိုဇေယျာသော်ကို နိုင်ငံခြားငွေ လက်ဝယ်တွေ့ရှိမှုနဲ့တမှုတိုးပြီး ၆ နှစ်ချထားတာပါ၊ အဲဒီနောက်ဒီနှစ် ဇန်နဝါရီမှာ သူတို့တွေကို မိသားစုနဲ့ဝေးတဲ့ ကော့သောင်း၊ တောင်ငူ၊ ကျောက်ဖြူ၊ မိုင်းဆတ် စတဲ့ နယ်မြို့ထောင်တွေအသီးသီးဆီ ပို့ထားတာဖြစ်ပါတယ်။

---

# ညစောင့်များက အနိုင်ကျင့် ဗိုလ်ကျ

**DVB ၊ မတ်လ ၂ ။** ။ ရန်ကုန်တိုင်း တောင်ဒဂုံမြို့သစ်မြို့နယ် ညစောင့်ကင်းသမားတွေက လူငယ်တယောက်ကို ဝိုင်းရိုက်တဲ့အတွက် အဲဒီလူငယ်ကို ဆေးရုံတင်လိုက်ရပါတယ်။

ဖေဖော်ဝါရီ ၂၈ ရက်နေ့ ညတနာရီခန့်မှာ ကားစပယ်ယာလိုက်ရာက အိမ်ပြန်လာတဲ့ ကိုလင်းလင်းထွန်းကို လမ်းမှာ ခွေးလိုက်ကိုက်လို့ ကိုလင်းလင်းထွန်းက ခွေးကိုခဲနဲ့ခြောက်လှန့်ရာမှာ ခဲက ခွေးကိုမထိဘဲ ကင်းတဲအောက် ကပုံးကိုထိမှန်ခဲ့ပါတယ်၊ ပုံးကို ခဲထိမှန်သံကြောင့် ရပ်ကွက်အမှတ် ၇၀ က ကင်းတဲပေါ်မှာအိပ်ပျော်နေကြတဲ့ ညစောင့် ၅ ယောက် နိုးလာကြပြီး အိပ်ရေးပျက်အောင် နှောက်ယှက်တယ်လို့ဆိုပြီး ဝိုင်းရိုက်ခဲ့တာပါ။ ရိုက်နှက်မှုကြောင့် ကိုလင်းလင်းထွန်းဟာ ညာလက်ကျိုး၊ နံရိုးတချောင်းနိမ့်သွားသလို ကျောမှာ လည်းဒဏ်ရာရခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကိုလင်းလင်းထွန်းနဲ့ဆွေမျိုးတော်စပ်သူတဦးက ပြောပါတယ်။

“ရယကကို ကင်းတဲက တာဝန်ရှိတဲ့သူ သွားအကြောင်းကြားတော့ ရယကတို့ဘာတို့စစ်တယ်။ ကျနော်တို့ဆီကို မနက် ၄ နာရီထိုးမှ ပြန်ပြီး အကြောင်းကြားတယ်။ အဲဒီနားမှာ မှောက်နေတာ ၃ နာရီလောက်ကြာတယ်။ သူသတိရလာတဲ့အချိန်ကျတော့ ကျနော်ဆေးရုံကို တခါတည်းပို့လိုက်တယ်။ ပို့ပြီးတော့ ရဲကင်းကိုသွားတယ်၊ ရဲစခန်းကိုသွားတယ် အမှုဖွင့်တယ်၊ အမှုဖွင့်ပြီးတော့ ဆေးရုံတင်တယ်။ ဒီနေ့အထိ ဘယ်သူမှလည်း စစ်ချက်လာ မယူဘူး။”

ထိုးနှက်ရိုက်ပုတ်တဲ့ တရားခံတွေက ဘယ်သူတွေလဲဆိုတာ အနီးဝန်းကျင်ကလူတွေက အသေအချာပြောနိုင်ပေမယ့် တောင်ဒဂုံမြို့သစ် ရဲစခန်းကို မေးကြည့်

# ကိုယ့်ကိုယ်ကိုယ် သတ်သေသူ များပြား

**DVB ၊ မတ်လ ၅ ။** ။ အကြွေးမဆပ်နိုင်တဲ့ လယ်သမားတဦး သူ့ကိုယ်သူသတ်သေသွားတယ်လို့ ရန်ကုန်တိုင်း ခရမ်းမြို့နယ်က လယ်သမားတဦးက ပြောပါတယ်။

ခရမ်းမြို့နယ် ရွာသစ်ကျေးရွာက အသက် ၆၀ ကျော် လယ်သမားဦးစိုးလေးရဲ့ရုပ်အလောင်း ခရမ်းမြို့နယ်ဆေးရုံကို ဒီနေ့ရောက်ရှိလာပြီး အကြွေးမဆပ်နိုင်လို့ သူ့ကိုယ်သူ သတ်သေတာလို့ သိရကြောင်း သွားကြည့်ခဲ့တဲ့ ခရမ်းမြို့က လယ်သမားဦးသန်းဆွေက ပြောပါတယ်၊ မနေ့ကမွန်းလွဲပိုင်းမှာ အကြွေးရှင်သုံးဦးက ပြန်ဆပ်ဖို့တောင်းဆိုပြီးနောက် နွားတဲထဲမှာ ကြိုးဆွဲချပြီး သေနေတာကို ဒီမနက်မှာ သူ့သားကတွေ့တာလို့ စုံစမ်းသိရှိရတယ်လို့ ဆိုပါတယ်၊ ခရမ်းမြို့နယ်မှာ ဦးစိုးလေးအပါအဝင် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားတဲ့ လယ်သမား ဖလအတွင်း ၁၀ ဦးရှိပြီလို့ ဦးသန်းဆွေက ပြောပါတယ်။ ဦးသန်းဆွေဟာ ခရမ်းဒေသမှာ နှစ်စဉ် မတ် ၂ ရက်မှာ တောင်သူလယ်သမားနေ့ အခမ်းအနားကို ဦးဆောင်ကျင်းပတဲ့ လယ်သမားတဦးပါ။ ဒီနှစ်မှာတော့ တောင်သူလယ်သမားနေ့မကျင်းပဖို့ အာဏာပိုင်တွေက တားမြစ်တာကြောင့် နေပြည်တော်ကို စာတမ်းတစောင်ပို့လိုက်တယ်လို့ ဦးသန်းဆွေက ပြောပါတယ်။ ပဲတီစိမ်း၊ စပါး စတဲ့ သီးနှံတွေ ဈေးမကောင်းတာကြောင့် လယ်သမားတွေ စီးပွားပျက်ရာက ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်တာတွေဖြစ်ပွားလာတာလို့ဦးသန်းဆွေက ပြောပါတယ်။

“၂၀၀၈ ပြေလောက်မှာအထိကျတော့ လူတွေက ရှိတဲ့လက်ဝတ် လက်စားတွေ လယ်သ မား အတော်များများမှာ ကုန်သွားကြတယ်။ ဒီနှစ်ပိုင်းကျတော့ နွားတွေရောင်း၊ ကျွဲတွေရောင်း လယ်တွေရောင်းပေ့ါ ကျွဲနွားတွေဆိုတာက အခုဝယ်တဲ့လူတွေမရှိဘူးခင်ဗျ၊ လယ်ကိုလည်း ဝယ်နိုင်တဲ့လူတွေမရှိဘူး။ ရွာလုံးကျွတ်ကို အကြွေးမကျေတဲ့လူတွေ တော်တော်များများပဲ။ လယ်သမား ၁၀၀ မှာဗျာ အကြွေးကျေသွားတယ်ဆိုတဲ့လူက ၅ ယောက်ထက်မပိုဘူးဗျ”။

အခက်ကြုံလို့ ငွေတိုးချေးယူရာက ပြန်မဆပ်နိုင်ဘဲ လယ်သမားတွေ ကြွေးနွံနစ်နေလို့ အစိုးရကိုယ်တိုင် ကူညီစေချင်တယ်လို့လည်း ပြောတယ်။

“လယ်သမားတွေ သိပ်ဒုက္ခရောက်နေပြီ၊ အထူးချေးငွေတရပ် အစိုးရအလျင်အမြန်ထုတ်ချေးပေးပါ၊ ကျနော်တို့ ဒီမှာငတ်ကုန်ပြီ၊ ကျနော်တို့လယ်သမား ဘယ်လိုမှရှင်းလို့မရတော့ဘူး”။

---

## လေှစီးဒုက္ခသည်များကို ကယ်တင်ရန်ကုလပြောဆို

ကုလသမဂ္ဂလူ့ အခွင့်အရေးကော်မရှင်အကြီးအကဲ နာဗီပယ်လေး က မြန်မာပြည်ကနေထွက်ပြေးလာတဲ့ လှေစီးဒုက္ခသည်တွေကို အိမ်နီးချင်း နိုင်ငံတွေ ကယ်တင်ကူညီပေးကြဖို့နဲ့ နိုင်ငံတကာစံချိန်အတိုင်း စောင့်ရှောက်ပေးပါလို့ မေတ္တာရပ်ခံလိုက်ပါတယ်။

သူမက ရိုဟင်ဂျာလှေစီးဒုက္ခသည်တွေကို ထိုင်းအာဏာပိုင်တွေက ပင်လယ်ထဲမောင်းထုတ်ပစ်ခဲ့တဲ့ကိစ္စကို အသေးစိတ်စုံစမ်းစစ်ဆေးဖို့ကိုလည်း တိုက်တွန်းလိုက်ပါတယ်။

---

ရာ စုံစမ်းဆဲလို့ ဖြေကြားပါတယ်။

“ရိုက်တဲ့ တရားခံကို တိတိကျကျမသိသေးဘူး။ အမည်မသိ ၅ ဦးပဲ တိုင်ထားတယ်။ ဘယ်သူဘယ်ဝါဆိုတာကို တရားလို၊ သက်သေတွေနဲ့ ကျနော်တို့သေချာမေးရအုံးမယ်။ အခုထိတော့ စုံစမ်းနေပါတယ်။ တရားခံပေါ်ပေါက်ရင် တရားရုံးက အပြစ်ပေးပါလိမ့်မယ်။”

ညစောင့်ကင်းသမားတွေ တာဝန်ချိန်မှာ အိပ်ပျော်နေတာ၊ ရပ်ကွက်ထဲက ပြည်သူလူထုအပေါ်မှာ အနိုင်ကျင့် ဗိုလ်ကျနေတာနဲ့ ပတ်သက်ပြီး ဒေသခံတွေက မကျေမနပ်ဖြစ်နေကြပါတယ်၊ တချို့ကလည်း ဒီအမှုနဲ့ပတ်သက်ပြီး နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို တိုက်ရိုက် တိုင်တန်းဖို့ ပြင်ဆင်နေကြပါတယ်။

# အရိုက်ခံရ ကျောင်းဆရာနဲ့ ကျောင်းသားများအရေး အာဏာပိုင်တွေ လစ်လျူရှု

**DVB ၊ မတ်လ ၁ ။။** ပြီးခဲ့တဲ့အပတ် တနင်္ဂနွေနေ့က ဒဂုံတက္ကသိုလ် ကျောင်း သား ၄ ဦးနဲ့ နည်းပြဆရာ ၁ ဦးတို့ကို အရက်ဆိုင်ထဲက ထွက်လာတဲ့ အရက်မူး နေသူ ၇ ဦးက စော်ဘွားကြီးကုန်းမှာ ရိုက်နှက်တဲ့ ကိစ္စနဲ့ပတ်သက်ပြီး အာဏာပိုင်တွေဘက်က အရေးယူဆောင်ရွက်ခြင်းမရှိတဲ့အပေါ် ထိုင်း–မြန်မာ နယ်စပ်အခြေစိုက် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (နိုင်ငံ ခြားရေးရာ ကော်မတီ) က ပြစ်တင်ရှုတ်ချလိုက်ပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ၂၂ ရက် တနင်္ဂနွေနေ့က စော်ဘွားကြီးကုန်းမှာ မူးယစ်ရမ်းကားသူတွေ ရိုက်နှက်တာကို ခံခဲ့ရသူတွေကတော့ ဒဂုံတက္ကသိုလ် တတိယနှစ် ဘူမိဗေဒ ကျောင်းသားတွေဖြစ်တဲ့ ကိုဝေဖြိုးကျော်၊ ကိုပြည့်နိုင်ဖြိုး၊ ကိုအောင်ဖုန်း၊ ကိုနေလင်းထက်နဲ့ နည်းပြဆရာ ဦးအောင်မင်းဦးတို့ ဖြစ်ပါတယ်။ သူတို့ ၅ ဦးစလုံး ဒဏ်ရာပြင်းထန်ရခဲ့ကြပြီး ဒီအမှုနဲ့ပတ်သက်လို့ စော်ဘွားကြီးကုန်း ရဲဌာနကရုံးနဲ့ရဲတပ်ဖွဲ့ကို တိုင်ကြားခဲ့ပါတယ်။ ဒါပေမယ့် အာဏာပိုင်တွေက ပြစ်မှုကျူးလွန်တဲ့ မူးယစ်ရမ်းကားသူတွေကို အရေးမယူတဲ့အပြင် ကျောင်းသား ၄ ဦးကို သက်ဆိုင်ရာ ကျောင်းအာဏာပိုင်တွေက ခြိမ်းခြောက်မှုတွေ လုပ်နေတယ်လို့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (နိုင်ငံခြားရေးရာကော်မတီ) ရဲ့ ဒီနေ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။ ကြေညာချက်ထုတ်ပြန်တဲ့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (နိုင်ငံခြားရေးရာ ကော်မတီ) ရဲ့ သဘောထားကို တာဝန်ခံကိုမင်းနိုင်ကိုက ပြောပါတယ်။

"ကျနော်တို့က ဒီအဖြစ်အပျက်ကို သိရတဲ့အခါ ကျနော်တို့ ဗမာပြည်မှာရှိနေတဲ့ ကျောင်းသားတွေအားလုံးမှာ ကျောင်းသားအခွင့်အရေးနဲ့ပတ်သက်လာရင် ကိုယ့်ကိုယ်ကိုယ် ကာကွယ်ခွင့်မရှိဘူး၊ ဒါကတချက်။ နောက်တချက်က ကျနော်တို့ တိုင်းပြည်မှာ ဒီလိုကိစ္စတွေဟာ ကျောင်းသားတွေမှမဟုတ်ဘူး၊ ဘယ်နေရာမှာပဲဖြစ်ဖြစ်တကယ့်ကို တရားဥပဒေ ကင်းမဲ့နေတယ်ဆိုတာ၊ တရားဥပဒေအခွင့်အရေးတွေနဲ့ ပတ်သက်ပြီးတော့ တကယ့်ကို ဖြစ်ချင်တိုင်းဖြစ်နေတယ်ဆိုတာ ပြသလိုက်တာပဲလို့ ကျနော်တို့မြင်တယ်။ ဒီကိစ္စဆိုရင် အာဏာပိုင်တွေအနေနဲ့ တကယ်ကိုင်တွယ်ရမယ့်ကိစ္စ ဖြစ်တယ်။ ဖြစ်သွားတဲ့ အဖြစ်အပျက်တွေနဲ့ပတ်သက်ပြီး သူတို့ စုံစမ်းလေ့လာရမယ်၊ သတင်း ထုတ်ပြန်ပေးဖို့လိုတယ်။ ဒီကိစ္စဟာ ဒါဟာကျောင်းသားတိုင်းနဲ့ ဆိုင်တဲ့ကိစ္စဖြစ်တယ်။ ဒါနဲ့ပတ်သက်ပြီး နောင်အခါမှာ ကျောင်းသားအရေးပဲဖြစ်ဖြစ်၊ ဘယ်အရေးပဲဖြစ်ဖြစ် ဒီအခွင့်အရေးတွေနဲ့ပတ်သက်လာလို့ရှိရင် တင်ပြနိုင်တဲ့ အခြေအနေတခု ဖန်တီးပေးဖို့လိုတယ်။ ကျောင်းသားအဖွဲ့အစည်း၊ ကျောင်းသားအခွင့်အရေးကို ကာကွယ်နိုင်တဲ့ ကျောင်းသားသမဂ္ဂလို အဖွဲ့အစည်းတွေကို ခွင့်ပြုပေးဖို့လိုတယ်။ ကျောင်းသားတွေအနေနဲ့ဆိုရင် ဒါဟာ အခွင့်အရေးဆုံးရှုံးမှုကို ပြတယ်။"

ဒီလိုအဖြစ်မျိုး ဒါမျိုးနောင်မဖြစ်စေဖို့ ကျောင်းသားမိဘတွေ၊ ဆရာသမားတွေကိုယ်တိုင် အဖြစ်မှန်ပေါ်ထွက်လာအောင်လို့ အမြန်ဆုံးဖော်ထုတ်ဖို့အတွက် ညီညွတ်စွာတောင်းဆိုဖို့လိုတယ်လို့လည်း ကိုမင်းနိုင်က ပြောပါတယ်။

---

# ဒဂုံတက္ကသိုလ်ကျောင်းသားများ အရိုက်ခံရမှု အမှုမှန်မပေါ်ပေါက်သေး

**DVB ၊ မတ်လ ၃ ။ ။** ရန်ကုန် ဒဂုံတက္ကသိုလ်က ကျောင်းသားနဲ့ဆရာတွေ ရိုက်နှက်ခံရတဲ့အမှုနဲ့ ပတ်သက်တဲ့ အသေးစိတ်အချက်အလက်တွေကို ရဲ နှင့် ကျောင်းအာဏာပိုင်တွေပါ ဖုံးဖိနေကြဆဲဖြစ်ပါတယ်။

လွန်ခဲ့တဲ့ တနင်္ဂနွေနေ့က ရန်ကုန်တိုင်း ဒဂုံတက္ကသိုလ် ကျောင်းသား လေးယောက်နဲ့ နည်းပြဆရာတယောက်တို့ ရိုက်နှက်ခံရတဲ့ကိစ္စမှာ ဒဏ်ရာပြင်းထန်ခြင်းမရှိဘူးလို့ အင်းစိန်ရဲစခန်း တာဝန်ကျအရာရှိက...

"ပြင်ပလူနာပဲ၊ သာမန်ပဲ၊ ဆေးရုံမတက်ရပါဘူး၊ ဘယ်သူက တက်တယ်ပြောလဲ။ အဲ့ဒါ သိလို့မရဘူး။ တိုင်းခွင့်ပြုချက်ရှိရင် ကျနော်တို့ပေးမယ်။ အကိုတို့ တိုင်းခွင့်ပြုချက်ယူခဲ့ ဟုတ်လား" လို့ ဖြေဆိုပါတယ်။ အသေးစိတ်မေးမြန်းလိုပေမယ့် ရန်ကုန်တိုင်းရဲမှူးခွင့်ပြုချက်ရမှ ဖြေဆိုနိုင်မယ်လို့ သူကပြောပါတယ်၊ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၂ ရက်၊ တနင်္ဂနွေနေ့က စော်ဘွားကြီးကုန်းမှာ မူးယစ်ရမ်းကားသူတွေ ရိုက်နှက်တာကို ခံခဲ့ရသူတွေကတော့ ဒဂုံတက္ကသိုလ်တတိယနှစ် ဘူမိဗေဒ ကျောင်းသားတွေဖြစ်တဲ့ ကိုဝေဖြိုးကျော်၊ ကိုပြည့်နိုင်ဖြိုး၊ ကိုအောင်ဖုန်း၊ ကိုနေလင်းထက်နဲ့ နည်းပြဆရာ ဦးအောင်မင်းဦးတို့ ဖြစ်ပါတယ်။ ရိုက်နှက်ခံရတဲ့အတွက် သူတို့ ၅ ဦးစလုံး ဒဏ်ရာပြင်းထန်စွာရခဲ့ကြပြီး ဒီအမှုနဲ့ပတ်သက်လို့စော်ဘွားကြီးကုန်း ရဲဌာနကရုံးနဲ့ရဲတပ်ဖွဲ့ကိုတိုင်ကြားခဲ့ပေမယ့် အာဏာပိုင်တွေက ပြစ်မှုကျူးလွန်ခဲ့တဲ့ မူးယစ်ရမ်းကားသူတွေကို အရေးမယူပေးတဲ့အပြင် ကျောင်းသား ၄ ဦးကိုပါ သက်ဆိုင်ရာ ကျောင်းအာဏာပိုင်တွေက ခြိမ်းခြောက်မှုတွေလုပ်နေတယ်လို့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (နိုင်ငံခြားရေးရာကော်မတီ) ရဲ့ ကြေညာချက်မှာ ဖော်ပြခဲ့ပါတယ်။

ကျောင်းသားတွေရဲ့နောက်ဆုံးအခြေအနေသိရဖို့ ဒဂုံတက္ကသိုလ်က ကျောင်းသားရေးရာ တာဝန်ရှိသူကို တယ်လီဖုန်းနဲ့ ဆက်သွယ်မေးကြည့်ရာမှာ ဒီကိစ္စကို "ပညာရေးဝန်ကြီးဌာနက ကျောင်းသားတွေကို စစ်ဆေးခိုင်းလို့ စစ်ပြီးတော့ ကျနော်တို့ အစီရင်ခံစာ တင်ပြီးပါပြီခင်ဗျ" လို့ ပြောပါတယ်။ ရဲကရော ကျောင်းတာဝန်ရှိသူတွေကပါ ဖုံးဖုံးဖိဖိ ဖြေဆိုကြတဲ့အတွက် ဒီကျောင်းသား ၄ ဦးနဲ့ ဆရာ ၁ ယောက် ရိုက်နှက်ခံရတဲ့ဖြစ်စဉ်မှာ တရားခံတွေ ဘယ်သူလဲ၊ တိုင်ချက်ဘယ်လိုဖွင့်တယ်၊ ဘာပုဒ်မနဲ့ စွဲဆိုတယ်ဆိုတာ သဲသဲကွဲကွဲ မသိနိုင်သေးပါဘူး။ ဒဂုံတက္ကသိုလ်ကျောင်းတွင်းမှာလည်း ဒီကိစ္စကို ဖုံးဖုံးဖိဖိလုပ်ထားတာကြောင့် ကျောင်းသားတော်တော်များများမသိကြဘူးလို့ ဒဂုံတက္ကသိုလ်ကျောင်းသားတယောက်က ပြောပါတယ်။ ဒီနေ့တော့ ကျောင်းဝင်းထဲမှာ အရပ်ဝတ်ရဲတွေ အများအပြားလာရောက် စောင့်ကြပ်ကြည့်ရှုနေတယ်လို့ သူက ပြောပါတယ်။ ကျောင်းသားပဲဖြစ်ဖြစ်၊ အရပ်သားဖြစ်ဖြစ် တရားဥပဒေအတိုင်း ဆောင်ရွက်ဖို့လိုကြောင်းနဲ့ ကျောင်းသားတွေကို ကိုယ်စားပြုတဲ့ ကျောင်းသားသမဂ္ဂတရပ်လိုအပ်နေပြီလို့ သူကပဲပြောပါတယ်။

"သွားတိုင်ပြီး အကူညီတောင်းကာမှပဲ သွားတိုင်တဲ့လူကို 'ဘာကျောင်းသားလဲကွ' ဆိုပြီး ရိုက်လားပုတ်လား လုပ်တာကတော့ ဘယ်လိုမှ တရားဥပဒေနဲ့ မညီညွတ်ဘူး။ ကျနော်တို့က မှန်မှန်ကန်ကန်ဖြစ်စေချင်တာ၊ ကျောင်းသားလူသတ်မှုဖြစ်လည်း ၃၀၂ တရားစွဲပြီး ထောင်ချလိုက်ပေါ့။ အရပ်သားဖြစ်လည်း ဒါပဲလေ။ ကိုလိုနီခေတ် သူ့ကျွန်ဘဝမှာတောင် ကျောင်းသားသမဂ္ဂက ကျောင်းသားအခွင့်အရေးကို ကာကွယ်ပြီး မားမားမတ်မတ်ရပ်တည်နိုင်ခဲ့တယ်၊ ကိုယ့်လူမျိုး အုပ်ချုပ်တဲ့အချိန်ကျမှပဲ ကျောင်းသားသမဂ္ဂဖွဲ့တိုင်း ကျနော်တို့ပါ အဖမ်းခံရတယ်၊ အမျိုးမျိုးအရေးယူခံရတယ်၊ အဲ့ဒီအချိန်က ကျောင်းသားသမဂ္ဂ ဒီအချိန်မှာရှိရင်တော့ ကျောင်းသားတွေအခွင့်အရေးကို အပြည့်အဝအကာကွယ်နိုင်မှာပေါ့။"


ဒို့တိုင်းပြည်
THE SAD PLIGHT OF MYANMAR
www.faxtoon.com
NO. 421, Mar 1, 2009
+−×÷
DEMO CRACY
WELCOME 2010 ELECTION
1 WAY...

# ထိုင်းနိုင်ငံတွင် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ပိုမိုအခက်ကြုံ

**DVB ၊ မတ်လ ၃ ။** ။ ထိုင်းနိုင်ငံ အာဏာပိုင်တွေရဲ့ ဖမ်းဆီးမှုတွေကြောင့် မြန်မာရွှေ့ပြောင်း အလုပ်သမားတွေ ကျီးလန့်စာစားဆိုသလို ကြောက်လန့် နေကြပါတယ်။

ထိုင်းနိုင်ငံမှာ မြန်မာရွှေ့ပြောင်း အလုပ်သမားတွေကို ဖမ်းဆီးမှုတွေ အလွန်များနေတာကြောင့် အလုပ်သမားတွေဟာ မိမိတို့နေထိုင်ရာ အိမ်တွေမှာလည်း ညမအိပ်ရဲ၊ သူတို့အလုပ်ရှင်တွေကလည်း တာဝန်မယူနိုင်တဲ့ အခြေအနေမျိုးတွေနဲ့ကြုံတွေ့နေရပါတယ်။ အဖမ်းခံရတဲ့အခါမှာလည်း ဥပဒေကြောင်းအရ အရေးယူတာမျိုးမဟုတ်ဘဲ အလုပ်သမားတွေဆီက လာဘ်ငွေယူပြီး ပြန်လွှတ်ပေးတာမျိုးတွေလုပ်နေတယ်လို့ အလုပ်သမားတွေကို လိုက်လံကူညီနေသူတွေက ပြောပါတယ်။ ထိုင်းနိုင်ငံရဲ့ နိုင်ငံတော်လုံခြုံရေးကို ထိပါးနိုင်တယ်ဆိုတဲ့ ဝန်ကြီးချုပ်ရဲ့ပြောဆိုချက်အရ ထိုင်းလူဝင်မှုကြီးကြပ်ရေးနဲ့ ထိုင်းရဲအဖွဲ့က ဖမ်းဆီးနေတာဖြစ်ကြောင်း မဟာချိုင်ဒေသအခြေစိုက် မြန်မာအလုပ်သမားအခွင့်အရေးတိုးတက်မြှင့်တင်ရေးဖောင်းဒေးရှင်းက သုတေသနတာဝန်ခံ ဦးကိုကိုအောင် ကပြောပါတယ်။

“တကယ်တန်း စနစ်တကျ ဖမ်းဆီးပြီး ပြန်ပို့တဲ့ အစီအစဉ်မျိုးတော့မဟုတ်ဘူး။ အဖမ်းခံရတဲ့သူအချို့ကို အသိအကျွမ်းတွေက ပွဲစားတွေနဲ့ ပိုက်ဆံပေးပြီး ပြန်ထုတ်လာတာတွေလည်း တွေ့ရတယ်။”

ဒါပေမယ့်လည်း အလုပ်လုပ်ပိုင်ခွင့် ကတ်ပြားမရှိတဲ့မိခင်တချို့ဆိုရင် ညဘက်တွေမှာ ကလေးမွေးကင်းစလေးတွေကို ချီသိပ်ပြီး ခနိုတောတွေထဲ ခိုးဝှက်အိပ်နေရတဲ့ အခြေအနေမျိုးတွေရှိနေတဲ့အတွက် ရွှေ့ပြောင်းအလုပ်သမားတွေအနေနဲ့ တော်တော်ဒုက္ခရောက်နေတယ်လို့လည်း ပြောပါတယ်။

“ခနိုတောတွေထဲတွေမှာဝင်ပြီး ခြင်ကိုက်၊ ဖြုတ်ကိုက်နဲ့ တညလုံးဒုက္ခခံနေရတယ်။ လူကြီးတွေအနေနဲ့တော့ ကိစ္စမရှိဘူး၊ ကလေးတွေကျတော့ အန္တရာယ်အရမ်းများလွန်းတယ်။”

အဲဒီ ဖောင်ဒေးရှင်းရဲ့ လက်ထောက်ညွှန်ကြားရေးမှူးဖြစ်တဲ့ ခွန် ပသီမာက လည်း...“အများအားဖြင့် စက်ရုံ၊ အလုပ်ရုံတွေက အလုပ်သမားတွေ အဖမ်းခံရတာပါ။ အာဏာပိုင်တွေကလည်း စကားပြန်တွေကတဆင့် အလုပ်သမားတွေဆီကပိုက်ဆံတောင်းကြတယ်၊ ပိုက်ဆံပေးလိုက်ပြီဆို ပြန်လွှတ်လာကြတယ်၊ ဒါပေမယ့် အလုပ်သမားတွေရဲ့ လုပ်အားခတွေဟာ အဲဒီလို ဟိုးကြေး၊ ဒီကြေးတွေပေးရင်းနဲ့ ကုန်သွားကြတာများတယ်” လို့ ဆိုပါတယ်။ ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းမိုင်မြို့မှာဖွင့်လှစ်ထားတဲ့ ရွှေ့ပြောင်းအလုပ်သမား ကျောင်းက ဆရာတဦးက အဖမ်းခံရသူ တော်တော်များများဟာ သူ့ကျောင်းမှ ကျောင်းသားတွေမဟုတ်ပေမယ့် အမိန့်အရဖမ်းတာဖြစ်တဲ့အတွက် အဖမ်းအဆီးတွေ တော်တော်များနေတယ်လို့ ပြောပါတယ်။

“ဆိုင်ကယ်တွေဆိုရင်လည်း နောက်ကနေလိုက်ပြီးတော့ ဖမ်းတယ်။ အမျိုးသမီးကလေးတယောက်ဆိုရင် သုံးခါလောက် အဖမ်းခံရတာကို ငွေပေးရတာ ဘတ်ငွေ သောင်းဂဏန်းလောက်ရှိမယ်။”

“ဒီလက်မှတ်ရှိတဲ့လူကတော့ သိပ်မကြောက်ဘူးပေါ့ဗျာ။ လုံးဝမရှိတဲ့လူတွေကျ တော့ရှောင်ပုန်းနေရတယ်။ တချို့နေရာမှာ အလုပ်ရှင်ကိုယ်တိုင်က သူတို့ကို လက်မခံတာမျိုးရှိတယ်ခင်ဗျ။ သူတို့ ဥပဒေအရ ဒီတရားမဝင် အလုပ်သမားတွေကို သူတို့လက်ခံတယ်ဆိုရင် ပိုင်ရှင်ကို သူတို့က ဒဏ်တပ်တယ်။”

မြန်မာရွှေ့ပြောင်း အလုပ်သမားတွေကို အခုလိုဖမ်းလို့ရတိုင်းသာ ဖမ်းနေမယ်ဆိုရင် အလုပ်သမားတွေပဲ ဒုက္ခရောက်ကြမှာပါ၊ ကလေးငယ်တွေရှိတဲ့ အလုပ်သမားမိသားစုမျိုးကိုတော့ ကိုယ်ချင်းစာတရားရှိစွာနဲ့ စာနာထောက်ထားသင့်ပါတယ်လို့ ခွန်ပသီမာက ပြောပါတယ်။ ထိုင်း အလုပ်ရှင်တွေအနေနဲ့လည်း ကိုယ့်အလုပ်သမားတွေ ရေရှည်အလုပ်လုပ်နိုင်အောင် အလုပ်သမားလက်မှတ်တွေ စီစဉ်ပေးသင့်တယ်လို့လည်း ခွန်ပသီမာက ပြောပါတယ်။

# နာဂစ်မုန်တိုင်း အလွန် ၁၀ လ အချိန်အတွင်း ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ

**DVB ၊ မတ်လ ၁ ။ ။** မနက်ဖန်ဆိုရင် လူပေါင်းတသိန်းကျော် သေပျောက်ဖြစ်ခဲ့ရတဲ့ နာဂစ်မုန်တိုင်း မြန်မာနိုင်ငံကိုတိုက်ခဲ့တာ ၁၀ လပြည့်တော့မှာဖြစ်ပါတယ်။

၁၀ လ အတွင်း ပြည်တွင်းပြည်ပ အလှူရှင်တွေက တတ်နိုင်သလောက် ဝိုင်းဝန်းကူညီခဲ့ကြပေမယ့် ဒုက္ခသည်တွေဘဝဟာ အခုအချိန်အထိ အဆင်မပြေသေး၊ ပုံမှန်မဖြစ်သေးဘူးလို့ ဒေသခံတွေ၊ ဒုက္ခသည်တွေက ပြောပါတယ်။ တသီးပုဂ္ဂလကယ်ဆယ်ရေးအဖွဲ့တွေနဲ့ ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူတွေက နာဂစ်ဒုက္ခသည်တွေကိုပေးမယ့် နိုင်ငံတကာ အကူညီတွေကို နှောင့်နှေးအောင်လုပ်ခဲ့တဲ့ နအဖစစ်အုပ်စုကို နိုင်ငံတကာခုံရုံးတင် အရေးယူသင့်တယ်လို့ အစီရင်ခံစာတစောင်ထုတ်ပြီး ပြောဆိုလိုက်ပါတယ်။

နာဂစ်ဖြစ်ပြီး ၁၀ ကြာအချိန်အတွင်း ဖြစ်ပျက် ပြောင်းလဲမှုအခြေအနေတွေကို နာဂစ်ကယ်ဆယ်ရေးတနိုင်တပိုင်လုပ်နေတဲ့ လပွတ္တာမြို့က ဒေါက်တာအေးကြူ၊ ရန်ကုန်အခြေစိုက် IDE - International Development Enterprise မှ ဒေါက်တာခင်ဇော်ဝင်း၊ လပွတ္တာ၊ ဘိုကလေး၊ ပုတောနယ်မှ ဒုက္ခသည်တွေ၊ လယ်သမားတွေ၊ ကျောင်းဆရာတွေက ဆွေးနွေးပြောဆိုထားကြပါတယ်။ လပွတ္တာကဒေါက်တာအေးကြူက အခုလိုပြောပါတယ်။

“ဒုက္ခသည်စခန်းက အိမ်ခြေ ၁၅၀ စီရှိတဲ့စခန်း ၂ ခုရှိတယ်။ ကားလမ်းကနေ တမိုင်လောက်ဝေးတယ်။ လူမမြင်အောင် ပိန္နဲတောင်မှာသွားထားတယ်ပေါ့ဗျာ။ သောက်ရေတွေကလည်း ရှားလာတယ်။ သောက်ရေပြဿနာကို အန်ဂျီအိုတွေနဲ့ အစိုးရနဲ့ပေါင်း ဖြေရှင်းနေတာပဲ။ လပွတ္တာကန်ကနေ ရေပေးမခပ်တော့ဘူး”။

အဓိက သောက်ရေအရေးပေါ်လိုနေတာကတော့ ဒုက္ခသည်အများစုကို ပြန်ပို့လိုက်တဲ့ လပွတ္တာအောက်ပိုင်း ပင်လယ်ကမ်းစပ်တလျောက်က ရာနဲ့ချီရှိတဲ့ ကျေးရွာတွေဖြစ်တယ်လို့ ပြောပါတယ်။ သောက်ရေ ပြဿနာကို ဖြေရှင်းနိုင်ဖို့ ဒေါက်တာအေးကြူနဲ့ NLD ဗဟိုကယ်ဆယ်ရေးအဖွဲ့တွေက ရေကန်သန့်စင်ရေးကိစ္စတွေ ဆောင်ရွက်ပေးနေသလို နိုင်ငံတကာ အန်ဂျီအိုတွေကလည်း သောက်ရေတွေကို စက်လှေနဲ့တင်ပြီး ဖြန့်ဖြူးပေးနေပေမယ့် လိုအပ်ချက်အားလုံးကို မဖြည့်ဆည်းနိုင်သေးဘူးလို့ဆိုပါတယ်။ ဘိုကလေးဒေသဘက်မှာလည်း သောက်ရေပြဿနာရှိတဲ့အပြင် လယ်သမားတွေရဲ့ဘဝ အခြေအနေပိုဆိုးလာကြောင်း ဒေသခံလယ်သမားနှစ်ဦးက ပြောပါတယ်။

“ဒီနှစ်ကတော့ မကောင်းဘူး၊ ထွက်နှုန်းတွေလည်းကျတယ်။ အရင် ၅၀၊ ၆၀ ထွက်တဲ့လယ်တွေက တဧကမှ ၂၀ လောက်ပဲ ထွက်တယ်။ ဆားငံရေဝင်ပြီး လယ်တွေ ပျက်သွားတဲ့သဘောပေါ့။”

“ကျွန်းသာယာအပိုင်ဘက်မှာလည်း ပိုဆိုးတယ်ရှင့်၊ မုန်တိုင်းထိတာ အဓိကကျတဲ့နေရာလိုဖြစ်နေတာကိုး၊ ကျန်တဲ့မိသားစုနဲ့ကျမတို့ လယ်ဧက ၁၀၀ လောက်ရှိတာကို ဒီနှစ် ၅၀ လောက်ပဲ လုပ်နိုင်တော့တယ်။ မျိုးကလည်း ၄ ကြိမ်လောက်ကြဲရတယ်။ ဒီတော့ စရိတ်က ပိုကုန်တာပေါ့။ ကုန်ကျစရိတ်နဲ့ ရတာ မကာမိတော့ လာမယ့်နှစ်ဆို ဒီ ၅၀ တောင် ထပ်လုပ်နိုင်ပါ့မလား မသိဘူး။”

# ဒေါ်အောင်ဆန်းစုကြည်အား ဂလပ်စဂိုမြို့ လွတ်လပ်မှုဂုဏ်ထူးဆောင်ဆု ချီးမြှင့်

**DVB ၊ မတ်လ ၄ ။ ။** မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်း စုကြည်ကို စကော့တလန် ဂလပ်စဂိုမြို့ကောင်စီက လွတ်လပ်မှုဂုဏ်ထူးဆောင်ဆု Freedom of the city of Glasgow ချီးမြှင့်ပါတယ်။

စစ်အုပ်စုလက်ထက် မြန်မာပြည်တွင်း ဖိနှိပ်ခံနေရတဲ့အခြေနေကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်နေသူတွေအတွက် စိတ်ဓာတ်တက်ကြွအောင် စွမ်းဆောင်နိုင်သူအဖြစ် ဒေါ်အောင်ဆန်းစုကြည်ကို ဒီဆုချီးမြှင့်တာလို့ ဆုရွေးချယ်ရေးအဖွဲ့က ဖော်ပြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးနဲ့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီထွန်းကားရေးအတွက် တွန်းအားပေးတဲ့အနေနဲ့ ဒီဆုပေးအပ်တာလည်းဖြစ်တယ်လို့ဆိုပါတယ်၊ ဒေါ်အောင်ဆန်းစုကြည်ကို ဒီဆုချီးမြှင့်ဖို့အတွက် အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာအဖွဲ့နဲ့ Glasgow women's Library အဖွဲ့တို့က အဆိုတင်သွင်းခဲ့ကြတာပါ။ ဂလပ်စဂိုမြို့ ဒီနေ့ပြုလုပ်တဲ့ ဆုချီးမြှင့်ပွဲကို ကုလသမဂ္ဂဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ ကိုယ်စားလှယ် ဒေါက်တာသောင်းထွန်းတက်ရောက်ပြီး ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား ဆုလက်ခံပါတယ်။

ဒီဆုကို တောင်အာဖရိကခေါင်းဆောင် နယ်ဆင်မန်ဒဲလားကို သူ ထောင်ထဲမှာရှိစဉ်တုန်းက ချီးမြှင့်ဖူးပါတယ်။ မစ္စတာမန်ဒဲလားနည်းတူ ဒေါ်အောင်ဆန်းစုကြည်လည်း တနေ့မှာအကျဉ်းကလွတ်မြောက်ပြီး မြန်မာနိုင်ငံရဲ့ ခေါင်းဆောင်တယောက်အနေနဲ့ ဂလပ်စဂိုကို လာနိုင်လိမ့်မယ်လို့ ဂလပ်စဂိုမြို့တော်ဝန်က ဆုချီးမြှင့်ပွဲမှာ ပြောကြားပါတယ်။ အခမ်းအနားမှာ မြန်မာနိုင်ငံ လက်ရှိအခြေအနေ၊ အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်ရဲ့အခြေအနေ၊ စစ်အုပ်စုရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံခေါင်းဆောင်တယောက်အဖြစ် အရွေးချယ်ခံပိုင်ခွင့်ကို ဘယ်လိုတားဆီးထားတယ်ဆိုတဲ့ အကြောင်းတို့ကိုတင်ပြခဲ့တယ်လို့ ဒေါက်တာသောင်းထွန်းက မြန်မာနိုင်ငံမှာ စစ်မှန်တဲ့တွေ့ဆုံဆွေးနွေးရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး ဖြစ်ဖို့အတွက် ကမ္ဘာ့နိုင်ငံတွေက ဥရောပသမဂ္ဂ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီတို့မှာ ဘယ်လိုကြိုးပမ်းနေတယ်ဆိုတာတွေလည်း ဆွေးနွေးတင်ပြခဲ့တယ်လို့ ပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်အပေါ် လေးစားမှုဟာ နှစ်ပေါင်း ၂၀ ကြာ သွားပေမယ့်လို့ လေးစားမှု၊ ကြည်ညိုမှုတွေက တကမ္ဘာလုံးမှာ ပြန့်နေတယ်။ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် တကမ္ဘာလုံးမှာရှိတဲ့ နိုင်ငံအသီးသီးက ပြည်သူလူထုတွေကဆန္ဒရှိတယ်။ အဲဒီဆန္ဒတွေကြောင့်မို့လို့ နိုင်ငံ တကာအစိုးရတွေဟာ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး မဖြစ်မနေတွန်းအားပေး လုပ်ဆောင်ရမယ့်အနေထားတွေရှိပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့တကွ မြန်မာပြည်သူလူထုရဲ့ ဒီမိုကရေစီရေးလှုပ်ရှားမှုကို နိုင်ငံတကာက လေးစားတယ်၊ မေ့မသွားဘူး၊ ဆက်ပြီးတော့ ထောက်ခံအားပေးလုပ်ဆောင်သွားမယ်ဆိုတာကို ပြပါတယ်။"

ဒေါက်တာသောင်းထွန်းက စကော့တလန်ပါလီမန်အမတ်တွေနဲ့ ဒီနေ့တွေ့ဆုံပြီး မြန်မာ့နိုင်ငံအခြေနေတွေ တင်ပြဆွေးနွေးမယ်လို့လည်းပြောပါတယ်။


Voice of Burma

1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
voburma@ac.auone-net.jp



၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်


AIR MAIL

To

PRINTED MATTER